# ထာဝရ လက်တွဲဖေါ်



ဘဒ္ဒန္တနာရဒါဘိဝံသ(လှရတနာ)

ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာပြန်အကျော်

သ・စ・အ ဓမ္မာစရိယ၊ ဝင့်သကာ၊ ပါဠိပါရဂူ၊

## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

**အလှူတကာတွင် တရားဓမ္မအလှူသည်
အမြတ်ဆုံးဖြစ်၏။**

သို့

----------------------

----------------------

----------------------

မှ

ဦးမျိုးအောင် (ဥက္ကဋ္ဌ- Same Sky Group of Companies)နှင့်
မိသားစု

----------------------

အမှတ်တရ ဓမ္မဒါနလက်ဆောင်မွန်

နေ့စွဲ---------------

# ထာဝရ လက်တွဲပေါ်

## လှုရတနာ စာစဉ်(၅၄)

ဘဒ္ဒန္တနာရဒါဘိဝံသ(လှုရတနာ)

ပထမကျော်,အဂ္ဂမဟာအကျော်,အဋ္ဌကထာပြန်အကျော်,

ဝငုံ့သကာ,ပါဠိပါရဂူ,သ-စ-အဓမ္မာစရိယ

သာသနာ- ၂၅၅၉ ကောဇာ- ၁၃၇၇ ခရစ်- ၂၀၁၆

# ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း - တတိယအကြိမ် ၂၀၁၆- မတ်လ။

အုပ်ရေ - ၁၀၀၀၀

မျက်နှာဖုံးဒီဇိုင်း - ကိုမြင့်မောင်၊

ဓာတ်ပုံ - ကိုအောင်ဟိန်း

စီစဉ်သူ - ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ)

ပုံနှိပ်သူ - ဦးမြင့်ဦး

(သိန်းသန်းဦး အောက်ဖ်ဆက်)

အမှတ်(၁၂၁/၁၁၉)၊ ၃၄-လမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း-၂၅၂၆၂၀၊ ၃၉၇၀၃၁။

ထုတ်ဝေသူ - ဦးမြင့်ဦး (ရွှေကျေးစာပေ)

ဘဒ္ဒန္တနာရဒါဘိဝံသ- ထာဝရလက်တွဲဖော်

ရွှေကျေးစာပေ၊ ၂၀၁၅-ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊

၄၁၉- စာ၊ ၁၃၊ ၂၂။×၂၀-စင်တီ

ထာဝရလက်တွဲဖော်

ထာဝရလက်တွဲပေါ်

ဓမ္မဒါန ကုသိုလ်ရှင်

နှစ်ပက်သော အဖိုးအဖွားများနှင့် အဖွား(ဒေါ်ရွှေရင်)

ဖခင်ကြီး(ဦးကိုအေး)နှင့် မိခင်ကြီး (ဒေါ်ကြူကြူ

(ခ)ဒေါ်ရှုကြူ)တို့အား ရည်စူး၍ ဦးမျိုးအောင် (ဥက္ကဋ္ဌ-

Same Sky Group of Companies)နှင့် ဇနီး

ဦးသန်းထွန်း+ ဒေါ်အေးအေးမွန်၊

ဒေါ်သန်းသန်းဝင်း၊ သား,သမီး,မြေး,မြစ်-တစ်စုက

ဓမ္မဒါနပြုပါသည်။

# ထာဝရ လက်တွဲဖော်

## မာတိကာ


| | | |
|---|---|---|
| ၁။ | ရည်စူးသူကို ဖိတ်ကြားနည်း | ၁ |
| ၂။ | ဝမ်းသာဝမ်းနည်း | ၃ |
| ၃။ | သား–သမီး ကျင့်ဝတ်ကျေသူ | ၄ |
| ၄။ | နေရာ မရွေး ကုသိုလ်ပြုနိုင်ပုံ | ၅ |
| ၅။ | ဘုရားရှင် နတ်ပြည်တက်၍ ကျေးဇူးဆပ်ခြင်း | ၇ |
| ၆။ | ခန္ဓာကိုယ် သဘာဝ | ၁၀ |
| ၇။ | အရှင်အာနန္ဒာရဲ့ ထာဝရ လက်တွဲဖော် | ၁၅ |
| ၈။ | တနေ့အကြိမ် (၃၀)လက်တွဲရမည့် ထာဝရ လက်တွဲဖော် | ၁၈ |
| ၉။ | ခါတ်ကမ္မဋ္ဌာန်းများ | ၂၀ |
| ၁၀။ | ထာဝရ လက်တွဲဖော်နှင့် လက်တွဲနိုင်ပါစေ | ၂၇ |
| ၁၁။ | သောဠသစေတီ (၉)ဆူ တည်နည်း | ၂၉ |

# နိဒါန်း

## လောကမှာ ထာဝရလက်တွဲဖော်ဟာ ဘယ်သူပါလဲ ?

ဤအမေးရဲ့ အဖြေမှာ အမျိုးမျိုးထွက်ပေါ်လာနိုင်ပါ၏။ ချစ်သူရည်စား ရှိကြသူများက "မိမိရဲ့ဘဝလက်တွဲဖော်" သည် ထာဝရလက်တွဲဖော်ဟု ဖြေကြပေလိမ့်မည်။ ဇနီးမောင်နှံတို့ကမူ "ပါရမီဖြည့်ဖက်ခင်ပွန်းလင် ဇနီးမယားတို့ဟာ ထာဝရလက်တွဲ ဖော်ပါ" ဟု ဆိုကြမှာပါ။ လိမ္မာရေးခြားရှိသော သားရှင်သမီးရှင်ဖြစ်သည့် မိခင်ဖခင်တို့ကား "မိမိတို့ကို ပြုစုစောင့်ရှောက်နေကြသည့် သားလိမ္မာ၊ သမီးလိမ္မာလေးတွေဟာ ထာဝရလက်တွဲဖော်တွေပါ" ဟူ၍ ပြောကြပေလိမ့်မည်။ ထို့အတူ သားသမီးတို့ကလည်း "မိဘနှစ်ပါးဟာ အားကိုးအားထားပြုရာ ထာဝရလက်တွဲဖော်ပါ" ဟူ၍ ဆိုကြပေလိမ့်မည်။ ဆွေမျိုးသားချင်းမိတ်ဆွေအပေါင်းအသင်းတို့ကမူ "အလိုက်တသိအပြန်အလှန် ကူညီစောင့်ရှောက်သည့် ပုဂ္ဂိုလ်တို့မှာ ထာဝရလက်တွဲဖော်တွေပါ" ဟူ၍ တင်ပြကြလိမ့်မည်။ ငွေရှင် ကြေးရှင်တို့ကား "အရာရာကို ဖြေရှင်းပေးနိုင်တဲ့ စီးပွားဥစ္စာငွေကြေးသာ ထာဝရလက်တွဲဖော်ပါ" ဟူ၍ ယူဆနေကြပေမည်။ ရာထူးဌာနန္တရ လက်ကိုင်ရှိနေကြသူများကလည်း "ကိစ္စကြီးငယ်ကို အရှိန်အဝါနဲ့ ဆောင်ရွက်ပေးနိုင်တဲ့ ရာထူးအာဏာသည်သာ ထာဝရလက်တွဲဖော်ပါ" ဟူ၍ မှတ်ထင်နေကြပေမည်။ ဤသို့စသည်ဖြင့် မိမိတို့ခံစားချက်အလိုက် အဖြေအမျိုးမျိုးပေါ်ထွက်လာနိုင်ပါသည်။

(၁)

**ထိုဆိုခဲ့ပြီးသော ချစ်သူရည်စား၊ ဇနီးခင်ပွန်း၊ မိဘသားသမီး၊ ဆွေမျိုးသားချင်း မိတ်ဆွေ အပေါင်းအသင်း၊ စီးပွား ဥစ္စာ၊ ရာထူး အာဏာတို့သည် တကယ်ကော ထာဝရလက်တွဲဖော် ဟုတ်ပါရဲ့လား?**

ရဟန်းဒါယကာမကြီး ဒေါ်မြဝင်း၏ နှစ်ပတ်လည် မတကဘတ် ကုသိုလ်အမျှဝေပွဲကို သမီးဖြစ်သူ ရဟန်းအမ ဒေါ်ရွှေဥ-က (၄၊ ၉၊ ၂၀၁၅) သောကြာနေ့တွင် CHARTRIUM HOTEL ၌ ကျင်းပခဲ့၏၊ ထိုပွဲသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် သံလျင် မဟာမဏ္ဍိမာရုံဆရာတော်၊ တိပိဋက ခွက်ခွင်းဆရာတော်၊ သဒ္ဓမ္မမဏ္ဍိုင်ဆရာတော်၊ သီတဂူ ဓမ္မကထိက ဆရာတော်စသော ဆရာတော်တို့လည်း တက်ရောက်ကြ၏၊ ယင်းပွဲတွင် သံလျင် မဟာမဏ္ဍိမာရုံဆရာတော်က သီလပေးချီးမြှင့်၍ မိမိက ရေစက်ချအနုမောဒနာတရားချီးမြှင့်ရသည်။

ကွယ်လွန်သွားသူ ရဟန်းအမကြီး ဒေါ်မြဝင်းမှာ ဒါန သီလ ဘာဝနာ-ဟူသော ကုသိုလ်(၃)မျိုး တွင် ဘာဝနာကုသိုလ် အားကောင်းသူဖြစ်၏၊ သမီးဖြစ်သူ ဒေါ်ရွှေဥ-မှာမူ ဒါနကုသိုလ် အားကောင်းသူ ဖြစ်သည်၊ သို့သော် တတိယအရွယ်သို့ ရောက်ရှိနေလေပြီ၊ သို့ဖြစ်၍ဘာဝနာကုသိုလ်ကို အားပေးထားသည့် **“ထာဝရလက်တွဲဖော်”**တရားကို ဟောကြားပေးရသည်။

ပြုလုပ်သည့်ပွဲက ကွယ်လွန်သူကို ရည်စူး၍ ပြုလုပ်သော နှစ်လည် မတကဘတ် ကုသိုလ်ပွဲ၊ ထိုပွဲကို

ကျင်းပသည့်နေရာမှာ ဟိုတယ်၊ယင်းဟိုတယ်တွင် ဟောသည့်တရားက ထာဝရလက်တွဲဖော်၊ စာအုပ်ထုတ်ဝေသည့်ပွဲကား မွေးနေ့ကုသိုလ်ပွဲဖြစ်နေရာ ဤအကြောင်းတရားတို့ ပေါင်းဆုံညီညွတ်ကာ **"ထာဝရလက်တွဲဖော်"** ဟူသော ဤစာအုပ်ပေါ်ထွက်လာခြင်းဖြစ်သည်၊

ဤစာအုပ်တွင် ရှေ့ပိုင်း၌ **"ထာဝရလက်တွဲဖော်"** တရားကို ဖော်ပြထားပါသည်။ နောက်ပိုင်း၌ကား "ရင်မှာစွဲကပ် နဝရတ်စေတီများ"ဖြစ်သည့် **"သောဠသစေတီ (၉)ဆူ"** တည်ထား ပူဇော်နည်းတို့ကို ဖော်ပြထားပါသည်။

မွေးနေ့ကုသိုလ်ပွဲမှာ ရွှေတိဂုံဘုရား၌ ဆီမီး (၁၀၀၀၀) လှူဒါန်းပေးပြီး အာရုံဆွမ်း ဆက်ကပ် ပေးသော ရဟန်းအမကြီး ဒေါ်လီလီမြင့် အင်ပါယာ အလူမီနီယံ မိသားစုအားဌင်း၊

**''ထာဝရလက်တွဲဖော်''**ဟူသော ဤစာအုပ်ကို ဓမ္မဒါနအနေဖြင့် လှူဒါန်းပေးသော ဦးတင်ထွန်း+ဒေါ်အေးအေးမြင့် ရွှေပြည်သစ် မိသားစုအား ဌင်း၊အထူးကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်း တင်အပ်ပါသည်။

*အရှင်နာရဒါဘိဝံသ (လှရတနာ)*

*(၁၁၊ ၁၁၊ ၂၀၁၅)*

(ဃ)

# ဒုတိယအကြိမ် နိဒါန်း

## အသောကမင်းကြီး သာသနာပြုခဲ့ပုံ

ကျွန်းကြီး (၄)ကျွန်းတွင် ဇမ္ဗူဒိပ် တောင်ကျွန်း တကျွန်းလုံးကို အုပ်ချုပ်ရသူ၊ အထက်ကောင်းကင် (၁) ယူဇနာ မြေအောက် (၁)ယူဇနာထိ အမိန့်အာဏာ ပြန့်နှံ့သူ၊ နတ်တွေကပင် အနောတတ်ရေအိုင်မှ ဆေးဖက်ဝင် ရေကို နေ့စဉ် ဆက်သခံရသူမှာ မောရိယ အင်ပါယာရှင် ဘုရင်အသောကပင်ဖြစ်သည်၊ ထိုအသောကမင်းကြီးသည် ဇမ္ဗူဒိပ်တောင်ကျွန်းမှာ ရှိသည့် မြို့တော်ပေါင်း ရှစ်သောင်းလေးထောင်တွင် ဓာတ်တော်များ ထည့်လျက် ဓာတုစေတီပေါင်း ရှစ်သောင်းလေးထောင်တို့ကို တည်ထားစေခဲ့လေသည်၊ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သည့် ပိဋကတ် (၃)ပုံလာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်ကို ရည်မှန်း၍ လှူဒါန်းခဲ့ခြင်း ဖြစ်ပေသည်၊ ဓာတုစေတီပေါင်း (၈၄၀၀၀)၏ ဘုရားဒါယကာပင် ဖြစ်တော့သည်။ အိန္ဒိယနိုင်ငံ နီပေါနိုင်ငံ မြန်မာနိုင်ငံ စသည့်နိုင်ငံတို့မှာ ယခုအချိန်ထိ အသောကမင်းကြီး တည်ထားခဲ့သော ဓာတုစေတီတို့ကို ဖူးမြော်နေရပေသည်၊ နေရာပြန့်နှံ့စွာ သာသနာတည်အောင် အရှည်ကို မြော်မြင်လျက် ဆောင်ရွက်သွားသော သာသနာပြု မင်းတရားကြီးပင်တည်း။

## ရွှေတိဂုံစေတီတော် တန်ခိုးကြီးမားပုံ

ရွှေတိဂုံစေတီတော်ကြီးမှာ သက်ရှင်ဆံတော် (၈)ဆူတို့ ကိန်းဝပ်စံပယ်လျက် ရှိကြသဖြင့် သက်တော်

ထင်ရှား မြတ်စွာဘုရားအလား တကမ္ဘာလုံးမှ လာရောက်လျက် ဖူးမြော်ပူဇော်နေကြရ၏၊ ကမ္ဘာနိုင်ငံကြီးငယ် အသွယ်သွယ်မှ လူမျိုးမရွေး ဘာသာမရွေး သမတ,ဝန်ကြီးချုပ်,ဘုရင်တို့ပင် လာရောက်လေ့လာ ကြည့်ရှုကြရ၏၊ ဗုဒ္ဓဘာသာဝင်တို့၏ ဆွမ်း,ပန်း,ရေချမ်း, ဆီမီး,သစ်သီး,ရွှေသင်္ကန်းတို့ကို ကပ်လှူကြလျက် သီလဆောက်တည်ရာ,တရားနာယူရာ, ပရိတ် ပဋ္ဌာန်း ရွတ်ဖတ်ရာ တရားဘာဝနာ ပွားများရာ နိဗ္ဗာန်ဆိပ်ကမ်း သဖွယ်လည်း ဖြစ်ပေသည်၊ ထိုရွှေတိဂုံစေတီတော်ကြီးတွင် လှူဒါန်းထားသော ပန်းမျိုးစုံမှာ ပင်ကိုယ်ရနံ့ မျိုးစုံတို့ဖြင့် မွှေးကြိုင်နေသည့်အပြင် ဘုရားဂုဏ်တော်တို့ဖြင့် ရွတ်ဆိုရှိခိုးပြီးမှ လှူဒါန်းထားရကား ဗုဒ္ဓဓာတ်များ ကူးစက်ကာ ဂုဏ်တော်ရနံ့တို့ဖြင့်ပါ ကြိုင်လှိုင်လျက် ရှိနေပေသည်၊ ထိုပန်းမျိုးစုံကို အခြောက်ခံ အမှုန့်ပြုလျက် ကြည်ညိုဖွယ် ဆင်းတုအဖြစ် ပြုလုပ်ထားသော ရုပ်ပွားတော်မှာ ရွှေတိဂုံ ပန်းပေါင်းစုံ ရုပ်ပွားတော်ပင် ဖြစ်သည် ထိုရုပ်ပွားတော်မှာ ဘူမိဖဿ မုဒြာ ဖြစ်ပြီး ရွှေသင်္ကန်းကပ်လှူထားလိုက်ရာ အလွန်ကြည်ညိုဖွယ်ဆောင်သော ပန်းပေါင်းစုံ ရုပ်ပွားဖြစ်သွားပြီး ဥဒ္ဒိဿစေတီ ထိုက်ပေသည်။

## ဒါနသူရဲကောင်း ပေါ်ထွန်းလာခြင်း

ဖွံ့ဖြိုးမှုနည်းပါးသော အရပ်ဒေသများ သွားရေးလာရေး ခက်ခဲသော မြို့ရွာများ နယ်စပ်ဒေသများမှ တချို့အိမ်တို့တွင် ဘုရားရုပ်ပွား မရှိသဖြင့် ဘုရားစင်ပင် မထားကြချေ၊ နံရံမှာပင် ဘုရားရုပ်ပုံပါသည့် ပိုစတာများနှင့် ပြက္ခဒိန်တို့ကို ကပ်ထားလျက်

ရှိခိုးနေကြရ၏၊ ထိုအိမ်တို့၏ အနေအထားကို သိမြင်သွားသောအခါ အိမ်သူအိမ်သား မိသားစုများ ဘုရားရုပ်ပွားကို အမြဲကိုးကွယ် ပူဇော်နိုင်ရန် ရွှေတိဂုံ ပန်းပေါင်းစုံရုပ်ပွားတို့ကို လှူဒါန်းရလျှင် ကောင်းမှာပဲ အကျိုးများမှာပဲဟု နားလည်သွားသူတဦး ပေါ်ပေါက်လာလေသည်၊ ထိုသူမှာ ဦးမျိုးအောင် (ဥက္ကဋ္ဌ Same Sky Group of Companies)ပင်တည်း။

ဦးမျိုးအောင်သည် ယင်းသို့နားလည် သဘောပေါက်သွားကာ ရွှေတိဂုံ ပန်းပေါင်းစုံ ရုပ်ပွားတော်တို့ကို ရွှေသင်္ကန်းကပ်လျက် ရွှေတိဂုံစေတီတော်မှာ တဖန်ဗုဒ္ဓရင်ငွေ့ခိုလှုံပြီး အနေကဇာတင်ပါသည်၊ ထို့အပြင် ရွှေတိဂုံစေတီ၏ ထီးတော်ရိပ်အောက်မှာ ရှိသည့် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်မှာ ဓမ္မရင်ငွေ့ခိုလှုံပြီး ရာချီသော သံဃာတော်များဖြင့် အနေကဇာတင်ကာ ပူဇော်ပါသည်။

ယင်းသို့ အနေကဇာတင် ပူဇော်ပြီးသော ဗုဒ္ဓဆင်းတု ရုပ်ပွားတော်တို့ကို စနစ်တကျထုပ်ပိုးပြီး သွားရေးလာရေး ခက်ခဲသော မြို့ရွာများ နယ်စပ်ဒေသများ သဘာဝဘေးသင့်ရောက်သည့် နေရာများသို့ အိမ်တိုင်ရာရောက် ပို့ဆောင်လှူဒါန်းပေးလေသည်၊ လူစီးကားကြီးတို့ဖြင့် ပို့ဆောင်ရာ၌ အနေကဇာတင်ပြီးဖြစ်၍ ခရီးသည်တွေ အောက်ကပစ္စည်းထည့်သော အခန်းမှာ ထည့်ကာ မပို့ဆောင်ဘဲ လူစီးထိုင်ခုံတို့ကိုပင် ဝယ်ယူကာ ထိုင်ခုံတွေပေါ်မှာ တင်ထားလျက် ပို့ဆောင်လှူဒါန်းခဲ့လေသည်၊ ယင်းသို့ပို့ဆောင်လှူဒါန်းရာ၌ ပြည်တွင်းမှာသာမဟုတ် အိန္ဒိယ နီပေါ ထိုင်း

သီရိလင်္ကာ ကိုရီးယား တရုတ် အမေရိကန်-စသော နိုင်ငံခြားသို့ထိပင် ပို့ဆောင်လှူဒါန်းခဲ့လေသည်၊ ဤသို့အားဖြင့် ဘုရားဆင်းတု ရုပ်ပွားတော်ပေါင်း အဆူရေ (၄)သိန်းကျော်ကို လှူဒါန်းပြီးဖြစ်ရကား ဦးမျိုးအောင်သည် အသောကမင်းကြီး၏ စံချိန်ကိုပင် ကျော်လွန်သွားသော "ဒါနသူရဲကောင်း"ဖြစ်သွားပေ တော့သည်။

ဦးမျိုးအောင်သည် ဗုဒ္ဓဆင်းတုရုပ်ပွားတော် (ဥဒ္ဒိဿစေတီ)တို့ကို လှူဒါန်းရာ၌ နိုင်ငံတော်သံဃ မဟာနာယက ဉက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး၏ "သမ္ဗုဒ္ဓေစာအုပ်"(ဓမ္မစေတီ)တို့ကိုပါ လှူဒါန်းခဲ့ လေသည်၊ ယခုတဖန် လှ့ရတနာဆရာတော်၏ "ထာဝရလက်တွဲဖော်"စာအုပ်ကို ဖတ်ရှုပြီး နားလည်သဘောပေါက်ကာ ထို"ထာဝရလက်တွဲဖော်" စာအုပ် (ဓမ္မစေတီ) တို့ကိုပါ လှူဒါန်းမည်ဖြစ်၍ ဒုတိယအကြိမ် ရိုက်နှိပ်ရန် စီစဉ်ရခြင်းဖြစ်သည်၊ ပူဇော်ဖွယ်ရာ ဘုရားရုပ်ပွား (ဥဒ္ဒိဿစေတီ)ကိုရော ရွတ်ဖတ်ဖွယ်ရာ (ဓမ္မစေတီ) စာအုပ်ကိုပါ တွဲလျက် လှူဒါန်းလိုက်ရာ ဦးမျိုးအောင်၏ အလှူမှာ ပြည့်စုံ သွားပါသည်။

## အတိုဆုံး ဘုရားရှိခိုး

ရွှေတိဂုံ ပန်းပေါင်းရုပ်ပွားတော်တို့မှာ ပန်း ရနံ့+ဂုဏ်တော်ရနံ့တို့ဖြင့် မွေးကြိုင်လှိုင်ပြီးသားပင် ဖြစ်သည်၊ မိမိတို့နေအိမ် ရုံးခန်း ကျောင်း ဓမ္မာရုံသို့ ကြွရောက်သီတင်းသုံးတော်မူသည့်အခါ ဖော်ပြပါ ဓမ္မပဒ ဒါရုသာကဋ္ဌိက ဝတ္ထုလာ အတိုဆုံး ဘုရားရှိခိုး

ဖြင့် ပူဇော်ပါလျှင် အလှူတွင် အယဉ်ဆင့်သလို ပို၍အကျိုးကြီးမားပါသည်၊ ယင်းအတိုဆုံး ဘုရားရှိခိုး ဖြင့် အမြဲမပြတ် ရွတ်ဆိုနေသော ဘာသာခြား ထင်းခွေသည်၏သား ကလေးငယ်ကို နတ်ဘီလူးတွေ ကပင် စောင့်ရှောက်ခဲ့ရသလို ဗိမ္ဗိသာရမင်းကြီးက လည်း ချီးမြှောက်ခဲ့ရပေသည်။

ဗုဒ္ဓဂုဏ်တော် တန်ခိုးတော်ကြောင့် ဘုရား ဒါယကာ ဦးမျိုးအောင် မိသားစုနှင့် တကွ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအားလုံး ဘေးရန်ကင်းကွာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ ဟူ၍ နှစ်သစ်မှာ ဆုတောင်းမင်္ဂလာ ပြုရပါ၏

**နမော ဗုဒ္ဓဿ**

**နမော ဗုဒ္ဓဿ**

**နမော ဗုဒ္ဓဿ**

**ဗုဒ္ဓဿ**၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တိုင်ပင် သိမြင်တော်မူသော ကြောင့် သဗ္ဗညုတ ဉာဏ်တော်ကို ရရှိတော်မူပြီးလျှင် ဒသဗလဉာဏ် ဆယ်တန်တို့၌လည်း ဝသီဘော်မြောက် ရောက်တော်မူပြီးသော လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ဖြင့် သပ္ပါယ်လှစွာ ကိုယ်အင်္ဂါဝယ် ပါရမီတော်အဟုန် ကိုယ်လုံးခြုံ၍ မွှမ်းထုံသင်းကြူ သယမ္ဘူဟု ဉာဏ်တူကင်းလတ် အရဟတ်ဖြင့် သတ်ဖြတ်ခပင်း ကိလေရှင်းသား ဉာဏ်ရင်းမဟာ ကရုဏာနှင့် သမ္မာသမ္ဗောဓိ အစရှိလတ် ဉာဏ်တော် မြတ်၏ ကိန်းဝပ်စံပျော် ခန္ဓာပေါ်ဝယ် ဘွဲ့တော်ဗုဒ္ဓ တင်ပါရသည့် လောကထွဋ်ထား မြတ်ဘုရားကား နတ်လူတို့က ပူဇော်ရ၏ ဓမ္မဥဿုံ အလုံးစုံကို

ကိုယ်တိုင်မှန်စွာ သိတတ်ပါ၏ ဝိဇ္ဇာစရဏ ပြည့်စုံလှပြား စကားကောင်း ကို ကိုယ်တော်ဆို၏ ထိုထိုလောက သိတတ်လှ၏ ဆုံးမထိုက်သူ အတူကင်းလတ် ဆုံးမ တတ်၏ နတ်လူဆရာ သစ္စာသိမြင် ဘုန်းအရှင်အား။ **မေ**၊ တပည့်တော်၏။ **နမော**၊ ရှိခိုးဦးညွှတ်ခြင်းသည်။ **အတ္ထု**၊ ဖြစ်ပါစေသတည်း။

*ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ)*

*(၁၁၊ ၁၊ ၂၀၁၆)*

# ထာဝရလာဆိတ်တွဲဖော်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## ထာဝရလက်တွဲဖော်

ဒီနေ့ဟာ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၄) ရက် ကြာသာပတေးနေ့ ညနေ (၅ း ၀၀)နာရီအချိန် ဗဟိုစည်ဆေးခန်းတွင် ကွယ်လွန်အနိစ္စရောက်သွားရှာတဲ့ ဘုရားကျောင်း သိမ် ရဟန်း ဒါယိကာမကြီး ဒေါ်မြဝင်းကို အကြောင်းပြုပြီးတော့ နှစ်ပတ်လည် ကုသိုလ်ကောင်းမှုအမျှဝေတဲ့ မတကဘတ် ကုသိုလ်ကောင်းမှုပြုလုပ်တဲ့နေ့ပါပဲ။ အဲဒီလို နှစ်ပတ်လည် မတကဘတ်ကုသိုလ်ကောင်းမှုပြုတဲ့နေ့မှာ ကွယ်လွန်သွားတဲ့ ဒါယိကာမကြီး ဒေါ်မြဝင်း ကျန်ရစ်တဲ့ သားသမီးတွေ အမျှပေးဝေတာကို လာရောက်ပြီး သာဓုခေါ်နိုင်ဖို့ ကျန်ရစ်တဲ့ သားသမီးတွေရဲ့ကိုယ်စားဘုန်းဘုန်းက ဖိတ်ကြားပေးမှာဖြစ်ပါတယ်။

## ညည်းစူးသူကို ဖိတ်ကြားနည်း

လွန်ခဲ့တဲ့ တစ်နှစ်က ဗဟိုစည်ဆေးခန်းမှာ ကွယ်လွန်အနိစ္စ ရောက်သွားရှာသော ဒါယိကာမကြီး ဒေါ်မြဝင်း ဒါယိကာမကြီးကို အကြောင်းပြုပြီးတော့ ကျန်ရစ်တဲ့ သားသမီးမြေးမြစ်တစ်စုက ဗဟန်းမြို့နယ်၊ ချက်ထရီ ယမ်ဟိုတယ်အတွင်းမှာ ကုသိုလ်ကောင်းမှု

ပြုလုပ် လျက်ရှိပါသည်။ ကုသိုလ်ကောင်းမှုပြုရာ ချက်ထရီယမ် ဟိုတယ်အတွင်းသို့ လာရောက်၍ အမျှပေးဝေတာကို သာဓုခေါ်ပါရန် ကျန်ရစ်တဲ့ သားသမီးမြေးတွေကိုယ် စား ဘုန်းဘုန်းက ဖိတ်ကြားပါတယ်။ ဟိုတယ်စောင့် နတ် နယ်စောင့်နတ်အပေါင်းတို့ လွန်ခဲ့တဲ့တစ်နှစ်က ကွယ်လွန်အနိစ္စရောက်သွားသော ဘုရားကျောင်း သိမ် ရဟန်း ဒါယိကာမကြီး ဒေါ်မြဝင်းအနေနဲ့ ကျန်ရစ်တဲ့သားသမီးတွေ ကုသိုလ်ပြုရာနေရာဖြစ်တဲ့ ချက်ထရီယမ်ဟိုတယ်အတွင်းသို့ လာရောက်ခွင့် ဝင်ရောက်ခွင့်ပြုပြီး လာရောက်လျှက် ကုသိုလ်အမျှပေးဝေဟာကို သာဓုခေါ်နိုင်ရင် လာရောက်ခွင့်ပြုပါရန် သံဃာတော်အရှင်မြတ်တွေရဲ့ကိုယ်စား ဘုန်းဘုန်းက ပန်ကြားပါတယ်။

အဲဒီလို ဆိုင်ရာ အစောင့်နတ်တွေကိုလဲ ပန ကြားပြီးပြီ။ ဒါယိကာမကြီး ဒေါ်မြဝင်းကိုလည်း ဖိတ်ကြားပြီးပြီဆိုရင်တော့ မတကဘတ်ကုသိုလ် ကောင်းမှုပြု အမျှဝေတာပြုလုပ်နိုင်ပါပြီ။ ဒါယိကာမကြီး ဒေါ်မြဝင်းနဲ့ စပ်ပြီးတော့ ဒီချက်ထရီယမ်ဟိုတယ်မှာ မွေးနေ့လုပ်ပေးတုန်းကတစ်ကြိမ် ဒေါ်မြဝင်းကိုယ်တိုင် ဒီဟိုတယ် အခမ်းအနား တက်လာခဲ့တယ်။ နောက်တစ်နှစ်က ဘုန်းဘုန်းတို့မွေးနေ့ ဆံတော်ရတနာစေတီ အနေကဇာတင်ပွဲ ဒီဟိုတယ်မှာပဲ ကျင်းပတော့ ဒေါ်မြဝင်း တက်ရောက်လာတယ်။ နှစ်ကြိမ် တက်ရောက်လာတယ်။ (၃)ကြိမ်မြောက် ဒီဟိုတယ်မှာ ကျင်းပတဲ့အချိန်မှာတော့ ဒါယိကာမကြီး ဒေါ်မြဝင်း အနေနဲ့ လူသားအနေနဲ့ မတက်ရောက်နိုင်တော့ပါဘူး။ ကွယ်လွန်အနိစ္စရောက်သွားပြီဆိုတော့ နတ်အနေနဲ့ပဲ

တက်ရောက်ပါလိမ့်မယ်။ လွန်ခဲ့တဲ့ နှစ်ကြိမ် ကျင်းပတဲ့ အချိန်တုန်းကတော့ မွေးနေ့ပွဲတွေဆိုတော့ အလွန် ပျော်စရာကောင်းပါတယ်။ ခုပွဲဟာ မတကဘတ် ကုသိုလ်ဆိုတော့ အရင်အကြိမ်တွေလို ပျော်ဖို့ အစား အသောက်ဘုဉ်းပေးတာတောင်မှ ကောင်းတယ်ဆိုတဲ့ အမှတ်နဲ့ ဘုဉ်းပေးလို့ အဆင်မပြေဘူး။ သံဝေဂနဲ့ပဲ ဘုဉ်းပေးရတော့မယ်။

## ဝမ်းသာ+ဝမ်းနည်းပွဲ

အရင်အရင် အကြိမ်တွေက တော့ နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌ ဗန်းမော် ဆရာတော်ကြီးတို့ ဒုတိယဥက္ကဋ္ဌ ဆင်မင်းဆရာတော် ကြီးတို့ တိပိဋကဆရာတော် ဦးဝါယမိန္ဒ၊ ဦးဂန္ဓမာတို့နဲ့ နှစ်ကြိမ်တိုင်တိုင် ကျင်းပပြီးသွားပြီ။ (၃)ကြိမ်မြောက် မှာတော့ ထိုဆရာ တော်ကြီးတွေ ပါမလာတော့ဘူး။ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် မဟာပဏ္ဍိမာရုံ ဆရာတော်အမှူး ပြုပြီး တော့ တိပိဋက ဦးဝံသပါလ ဦးပညာသီရိစတဲ့ ဆရာတော်တွေ သဒ္ဓမ္မမဏ္ဍိုင်ဆရာတော်၊ သီတဂူ ကထိက ဦးကိတ္တိတို့ ဦးတိက္ခတို့ ဓမ္မကထိက ဆရာ တော်တွေ ဗီယက်နမ်ဆရာတော်တွေနဲ့ပဲ တတိယ အကြိမ် ကျင်းပ ရတယ်။ တတိယအကြိမ် ကျင်းပတဲ့ အခါမှာတော့ ဝမ်းသာမှုအပြည့်အဝ မဖြစ်နိုင်ဘူး။ ဝမ်းသာ ဝမ်းနည်းပဲဖြစ်ရတယ်။ ဝမ်းနည်းတယ်ဆိုတာ ကတော့ ဒေါ်မြဝင်းအတွက် ဝမ်းနည်းတာဖြစ်ပြီး ဝမ်းသာတယ်ဆိုတာကတော့ ဒီဆရာတော် (၁၁)ပါးကို တစ်နေရာထဲမှာ ယခုလို မြင်တွေ့ရဖို့ ဖူးတွေ့ရဖို့ ဝေယျာဝစ္စ ပြုလုပ်ပေးရဖို့ဆိုတာ အလွန်ခဲယဉ်းတယ်။ အလွန် သာသနာပြုကိစ္စတွေများတဲ့ ဆရာတော်တွေ

စုံစုံ လင်လင်ကြွလာတော့ ဝမ်းသာရတယ်။ အဲဒီတော့ တတိယအကြိမ် ဒီဟိုတယ်မှာလုပ်တဲ့ ဒေါ်မြဝင်းရဲ့ပွဲကတော့ ဝမ်းသာ ဝမ်းနည်းပွဲပါပဲ။

## သားသမီးကျင့်ဝတ် ကျေသူ

မတကာဘတ်ကုသိုလ် ကောင်းမှုပြုလုပ်တာနဲ့ စပ်ပြီးတော့ **"ကျွေးမွေးမပျက် ဆောင်ရွက်စီမံ မွေခံထိုက်စေ လျှုမှုဝေ၍ စောင့်လေမျိုးနွယ် ဝတ်ငါးသွယ် ကျင့်ဖွယ်သားတို့တာ"** ဟူသော သားသမီးကျင့်ဝတ် ငါးပါးထဲမှာ ပဥ္စမမြောက်ကျင့်ဝတ်အနေနဲ့ လှူမှုဝေ၍ဆိုတဲ့အတိုင်းပဲ ဒကာမကြီး ဒေါ်ရွှေဥနဲ့ ကျန်တဲ့မောင်တွေဟာ မိမိတို့သားသမီးကျင့်ဝတ်ရှိသည့်အားလျော်စွာ မိခင်ကြီးကို အမျှပေးဝေကြရတာပါပဲ။ သားသမီးကျင့်ဝတ် ကျေပွန်တဲ့ သားသမီးတွေလို့ ပြောရမှာပါပဲ။ ဒါကိုပဲ တမလွန်က မိခင်ဒေါ်မြဝင်းက မျှော်လင့်နေတာပါပဲ။ ပုတ္တသုတ္တန်လာ **"အထဝါ ပန ပေတာနံ ကာလကတာနံ ဒက္ခိဏံ အနုပဒဿတိ"** ဟူသော ဒေသနာတော်အရ မိဘတွေက သားသမီးတွေထံမှ မျှော်လင့်ချက် ငါးမျိုးထဲက နောက်ဆုံးပဥ္စမမြောက် မျှော်လင့်ချက်ဟာလည်းပဲ သားသမီးတွေက မိဘကွယ်လွန်သွားရင် ကုသိုလ်ပြုအမျှပေးဝေတာကိုပဲ မျှော်လင့်ငံ့လင့်စောင့်စားနေကြ တာပါပဲ။ မျှော်လင့် ငံ့လင့် စောင့်စားနေတာကို သားသမီးတွေက ဖြည့် ဆည်းပေးလိုက်တဲ့အတွက် ဒါ မိဘရဲ့ဆန္ဒ ဖြည့်ဆည်း ပေးတဲ့နေ့လို့ ပြောရင်လည်း ရပါတယ်။

**အထဝါပန ပေတာနံ ကာလကတာနံ ဒက္ခိဏံ အနုပဒဿတိ။** *(ပုတ္တသုတ်)*

**အထဝါပန** - ငါတို့ ကွယ်လွန်ပြီးတဲ့နောက် နောက်ဆုံးမျှော်လင့်ချက်ကား။ **ပေတာနံ ကာလင်္ကတာနံ** -ကွယ်လွန်အနိစ္စရောက် သွားကြ ကုန်သော၊ **နော** -ငါတို့အား။ ငါတို့အတွက်။ **ပုတ္တာ** -ငါတို့ရဲ့ သားသမီး တွေသည်၊ **ဒက္ခိဏံ** -အလှူကို၊ **အနုပဒဿန္တိ** -အမျှ ပေးဝေလိမ့်မယ် ဒီလိုလဲပဲ မိဘတိုင်း မိဘတိုင်းက သား သမီးတွေအထံက မျှော်လင့်လေ့ ရှိကြတယ်။ အဲဒီမျှော် လင့်တာကို ဒီနေ့ ဖြည့်ဆည်းပေး လိုက်တဲ့နေ့ပါပဲ မိဘတွေ မျှော်လင့်တာဖြည့်ဆည်း ပေးရတယ်။ သား သမီးတွေ ကျင့်ဝတ်ကျေပြွန်တယ် ဆိုတော့ ဒါလဲ ဝမ်းသာစရာပါပဲ။ တစ်ချို့သားသမီးတွေ စီးပွားဉစ္စာ ကြွယ်ဝချမ်းသာပေမယ့် မိဘတွေ ကွယ်လွန်သွားရင် ဒီလို မတကဘတ်ကုသိုလ် ကောင်းမှု ပြုပြီးတော့ အမျှပေးဝေလေ့ မရှိကြပါဘူး။ သားသမီး တာဝန် မကျေပြွန်ကြဘူး။ အဲဒီတော့ တမလွန်က မိဘတွေမှာ ဆင်းရဲရတာပေါ့လေ။ အခုဟာကတော့ သားသမီး တာဝန်တွေ ကျေပြွန်တယ်ဆိုတော့ တမ လွန်က ဒါယိကာမကြီး ဒေါ်မြဝင်းလည်း ဝမ်းမြောက် ဝမ်းသာ သာခုခေါ်မှာပါပဲ။

## နေရာမရွေး ကုသိုလ်ပြုနိုင်ပုံ

မတကဘတ်ကုသိုလ်ပြုလုပ်တာက ကွယ်လွန် တဲ့နေရာဆေးရုံလည်း မဟုတ်။ ဒေါ်မြဝင်း နေတဲ့အိမ် လည်း မဟုတ်၊ သားသမီးတွေရဲ့အိမ်လည်း မဟုတ် ဘဲနဲ့။ ဟိုတယ်မှာလာပြီးတော့ ပြုလုပ်တာက ဘယ်လို ကြီးလဲလို့ ကြားတဲ့သူတွေလည်း တစ်မျိုးထင်ချင် ထင်ကြမှာပဲ။ ကြွားချင်ဝါချင်လို့ ပကာသန ဖြစ်ချင်လို့

လုပ်တယ်လို့ ထင်ချင်လဲ ထင်ကြမှာပါပဲ။ မြတ်စွာဘုရားရှင်ကတော့ ကုသိုလ်ကောင်းမှုပြုတာနဲ့ ပတ်သက်လို့ ပိဋကမိတလိကာဝတ္ထုမှာ

**ယံကိဉ္စာရမ္မဏံ ကတွာ၊ ဒဇ္ဇာ ဒါနံ အမစ္ဆရီ။**

**ပုဗ္ဗေပေတေစ အာရဗ္ဘ၊ အထဝါ ဝတ္ထု ဒေဝတာ။**

*(ပိဋကမိတလိကာဝတ္ထု)*

သာရေးကိုပဲ အကြောင်းပြုပြု၊ နာရေးကိုပဲ အကြောင်း ပြုပြု ကုသိုလ်ဖြစ်ဖို့က အဓိကပါပဲ။ ဘယ်နေရာပဲ လုပ် လုပ်၊ ဘယ်ဌာနမှာပဲ လုပ်လုပ်၊ ကုသိုလ်ပြုဖြစ်ဖို့ မိဘကို အမျှပေးဝေဖို့က အဓိကပါပဲ။ ပုဗ္ဗ ပေတစ အာရဗ္ဘ - ကွယ်လွန်သေပြီးသော မိဘဘိုးဘွားတို့ကို အကြောင်း ပြု၍ရင်း၊ အထဝါ ထို့ပြင်၊ ဝတ္ထုဒေဝတာ - အိမ်စောင့် နတ် ဆိုင်စောင့်နတ် ဟိုတယ်စောင့်နတ်တို့ကို အာရဗ္ဘ အကြောင်းပြု၍ရင်း၊ ကုသိုလ်ကောင်းမှုဟာ ပြုခွင့်ရှိ တယ်၊ ပြုလို့ရတယ်၊ ပြုနိုင်တယ်။ ခုလည်းပဲ ဒကာမကြီး ဒေါ်ရွှေဥအနေနဲ့ မိခင်ဒေါ်မြဝင်း ကွယ်လွန်သွားတဲ့ ဆေးရုံ ဒေါ်မြဝင်း နေခဲ့တဲ့တိုက်ခန်း ဒါမှမဟုတ် သားသမီးတွေနေတဲ့ အိမ်မှာ မလုပ်ပဲနဲ့ ဟိုတယ်မှာ လုပ်တာဟာလည်းပဲ အများအထင်ကြီးအောင် ပကာသနသက်သက် လုပ်တာ မဟုတ်ပါဘူး။ ကုသိုလ် ပြုခွင့်ရဖို့ သံဃာတော် အရှင်မြတ်တွေ ချမ်းချမ်း သာသာ ဘုဉ်းပေးနိုင်အောင် ဆိုပြီးတော့ ဒီဟိုတယ်မှာ လာလုပ် တာကလည်းပဲ သဘာဝကျပါတယ်။ တမလွန် က မိခင်ကြီးကိုလည်း ဖိတ်ထားပြီးသားဆိုတော့ ဘယ်နေ ရာပဲလုပ်လုပ် ဖိတ်ထားရင်တော့ လိုက်လာ မှာပါပဲ။ ကုသိုလ်ပြုဖြစ်ဖို့ အမျှပေးဝေဖြစ်ဖို့က အဓိကပါပဲ။ ဘယ်နေရာ ဘယ်ဌာနမှာမှ လုပ်ရမယ်။ ဘယ်နေရာ ဘယ်ဌာနမှာ မလုပ်ရဘူး။

ဒီလို ဘုရားရှင် က ကန့်သတ် ချက်ထားတာ မရှိပါဘူး။ ကုသိုလ် ကောင်းမှုပြုဖြစ်ဖို့ အမျှပေးဝေဖို့ ကျေးဇူးဆပ်ဖို့ ဒါပဲ အဓိကပါ၊ ဘုရားရှင်က ဟောကြား ထားတာပါပဲ။

## ဘုရားရှင် နတ်ပြည်တက်၍ ကျေးဇူးဆပ်ခြင်း

ဘုန်းဘုန်းတို့ ဘုရားရှင်ဆိုရင် မယ်တော်ဖြစ်ခဲ့ဘူးတဲ့ မဟာမာယာ၊ မဟာမာယာက သိဒ္ဓတ္ထမင်းသားလေးကို မွေးဖွားပြီး ခုနစ်ရက်ပဲ နို့ချိုတိုက်ကျွေးနိုင်တယ်။ ခုနစ်ရက် စေ့တော့ ဘုရားလောင်းတွေရဲ့ မယ်တော်တွေရဲ့ ဓမ္မတာ အရ နတ်ရွာစံရတယ်။ တုသိတာ နတ်ပြည်မှာ နတ်သားသွားဖြစ်တယ်။ အဲဒီ တော့ ၂၉ နှစ်မှာ တောထွက်ပြီး ခြောက်နှစ် ဒုက္ကရ စရိယာကျင့်ရတယ်၊ ၃၅-နှစ်မှာ ဘုရားဖြစ်တယ်၊ ၇-ဝါမြောက် ဆိုတော့ ခုနစ်နှစ်ထည့်ပေါ့လေ။ ၃၅-နှစ်ထဲ ခုနစ်နှစ်ထည့်တော့ ၄၂-နှစ်၊ ၄၂-နှစ်အရွယ်ကြမှ မြတ်စွာဘုရားရှင်ဟာ မယ်တော်ဖြစ်ခဲ့ဖူးတဲ့ နတ်သား ရှိရာ နတ်ပြည်ကိုသွားပြီးတော့ ကျေးဇူးဆပ်တယ်။ တာဝတိံသာ နတ်ပြည်ထိသွားပြီး ကျေးဇူးဆပ်တယ်။ တုသိတာ နတ်ပြည်က မယ်တော်ကလည်း တာဝတိံ သာနတ်ပြည်မှ မြတ်စွာဘုရားရှေ့မှာ လာပြီးတော့ တရားနာတာပေါ့လေ။ အဲဒီတော့ မြတ်စွာဘုရားရှင်တို့ ရောက်တော့ မယ်တော် မဟာမာယာကျေးဇူးဆပ်တာ နတ်ပြည်ထိအောင်တက်ပြီး ကျေးဇူးဆပ်တာဆိုတော့ အခု ဒကာမကြီး ဒေါ်ရွှေဥ ချက်ထရီယံဟိုတယ်မှာ လုပ်တာဆိုတော့ လူ့ပြည်မှာပဲ လုပ်ရတာပါ၊ ဒေါ်မြဝင်းရှိတဲ့ နေရာသွားအမျှဝေရင်လည်း နတ် ပြည်ထိ သွားအမျှဝေရင် ရပါတယ်။ အဓိကကတော့ ကုသိုလ်ပြုဖြစ်ဖို့ အမျှပေးဝေဖြစ်ဖို့ ကျေးဇူးဆပ်ဖြစ်ဖို့က အဓိကပါပဲ။ ဘယ်နေရာပဲလုပ်လုပ် ကုသိုလ်က လုပ် ကောင်းတယ်။

လုပ်ထိုက်တယ်။ လုပ်ရမယ်။ ဒီလောက်နဲ့ပဲ မတက ဘတ် ကုသိုလ်ကောင်းမှု ပြုလုပ် ရခြင်းရဲ့ ရည်ရွယ်ချက် နားလည်သဘောပေါက် လောက်ပါပြီ။

ဒီနှစ်လည်ကိစ္စလျှောက်တော့ ဒကာမကြီးက တပည့်တော်လဲ အသက်ကြီးပြီ၊ အိုပြီဘုရားတဲ့၊ အဲဒီတော့ ကြီးကြီးကျယ်ကျယ် မလုပ်တော့ဘူး။ သံဃာ ၁၀ ပါး၊ ၁၁ ပါး ပင့်ပြီးတော့ အကျဉ်းချုံးတော့မယ်၊ ဒီလို လျှောက်ထားလာတယ်။ အသက်ကြီးတာကတော့ ကျောင်းအစ်မကြီးမှ အသက်ကြီးတာ မဟုတ်ပါဘူး။ ကျောင်းဘုန်းကြီး နိုင်ငံတော် သံဃာ့မဟာနာယက အဖွဲ့ဝင် မဟာပဏ္ဍိတာရုံဘုန်းကြီးလဲ အသက်ကြီးနေပါပြီ။ ခုနကပဲ ပြောတယ်။ ဦးနာရဒရေတဲ့ အရင်တုန်းက ဆိုရင် ညောင်တုန်းတိုက်ဆရာတော်ကြီး၊ ဗန်းမော် ဆရာတော်ကြီး၊ စစ်ကိုင်း သဇ္ဈနောဒယ ဆရာတော် တော်ကြီးတို့နဲ့ ဒီဟိုတယ်တွေမှာ ဒကာမကြီးပင့်လို့ လိုက်လိုက်ဘုဉ်းပေးရတာ၊ ခု အဲဒီ ဆရာတော်ကြီးတွေ တစ်ချို့ ဗန်းမော်ဆရာတော်ကြီးတို့ ကြီးသွားပြီ။ တစ်ချို့ ပျံလွန်တော်မူသွားပြီ။ ခုဒီမှာ တပည့်တော်ပဲ အကြီးဆုံး ပဲဖြစ်နေပြီ။ စိတ်ညစ်လိုက်တာဟု အမိန့်ရှိတယ်၊ စိတ် မညစ်နဲ့ဘုရား၊ အရွယ်ကတော့ ဒီလိုပဲ ကြီးမှာပဲ။ အရှင် ဘုရားလာမယ်ဆိုလို့ ဟောဒီခုံကြီး ချန်ထားတာ ဒါ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ထိုင်ဖို့ သီးသန့်ကို ချန်ထားရတာ၊ အဲဒီတော့ ကျောင်းအစ်မ ကြီးတင် အသက်ကြီးတာ မဟုတ်ပါဘူး။ ကျောင်းဘုန်း ကြီးလည်းပဲ အသက်ကြီးနေပါပြီ။ ရာထူးဘွဲ့တွေလဲ ကြီးနေပါပြီ။ အဲဒီတော့ ဒကာမကြီး ဒေါ်မြဝင်း သုဿန်မှာ လိုက်ပြီးတော့ ပို့တော့ ယပ်တောင်တွေ

ဝေတယ်။ ခုအဲဒီယပ်တောင်လည်း ယူလာခဲ့ ပါတယ်။ အဲဒီယပ်တောင်မှာပါလာတဲ့ သံဝေဂကဗျာလေးက ရှေးဆရာတွေ ရေးဟန်တူပါရဲ့။ ဘယ်ဆရာတော် ရေးသလဲဆိုတာကတော့ နာဂကျော်ရင် (သဒ္ဒမ္မမဏ္ဍိုင်)ကို ဆရာတော်မေးကြည့်မှသိမှာ။ သူက ဒါမျိုးတွေကျွမ်းကျင်တယ်။ သံဝေဂကဗျာက-

**"တားမရဘူး"**

(၁) တနေ့ဝင်ပြန် ငါ့ရုပ်နာမ် အိုရန် တစ်ရက် နီးခဲ့ပြီ။

(၂) တစ်နေ့ဝင်ပြန် ငါ့ရုပ်နာမ် နာရန်တစ်ရက် နီးခဲ့ပြီ။

(၃) တစ်နေ့ဝင်ပြန် ငါ့ရုပ်နာမ်၊ သေရန် တစ်ရက် နီးခဲ့ပြီ။

(၄) တစ်နေ့ကွယ် သေနယ်သို့ တစ်ခါကူး မေ့လျော့ကာ မသေဘူး မထင်ပါနဲ့၊

(၅) နေ့ကွယ်တာ အကြိမ်ဖန်များရင်ဖြင့် သေနယ်ရွာ အချိန်တန်သွားရလိမ့်မယ်၊ တားမရဘူး။

ခန္ဓာဖြစ်စဉ် သဘာဝအရကတော့ တနေ့ဝင်တိုင်း ရုပ်နာမ်တွေဟာ အိုအိုသွားနေတယ်၊ နာနာသွားနေတယ်၊ အိုပြီး နာပြီးရင်တော့ ဒေါ်မြဝင်းလိုပဲ ကွယ်လွန်အနိစ္စရောက်ရမှာပဲ၊ ညောင်တုန်းတိုက် ဆရာတော်ကြီးတို့လို ပျံလွန်တော်မူကြရ တယ်။ အဲဒီတော့ မတကဘတ်အကြောင်းပြုပြီးတော့ သံဝေဂကုသိုလ်ဉာဏ်ဆင်ခြင်ကြရအောင်။ ဟိုတယ် ဝင်လာလိုက်တော့ ဒကာမကြီးရုပ်ကြည့်လိုက်တော့ အတော်အိုသွားပြီ၊ မတွေ့တာလည်း ကြာပြီပေါ့လေ၊ တော်တော်ကို အို

သွားပြီ၊ ဒါပေမယ့် ကိုယ်အိုတာကို အိုတဲ့အတိုင်း သိပြီး တော့ မနာသေးခင်မှာ သံဝေဂ ကုသိုလ်တွေယူပြီး တော့ တရားတွေ များများနှလုံးသွင်းဖို့ လိုအပ်ပါတယ်။ ဒါကို ရှေးဆရာတွေကပဲ ဂါထာ လေးတစ်ပုဒ်နဲ့ တိုက်တွန်းထားပါတယ်။

## ခန္ဓာကိုယ် ဘာဘာဝ

**အနိစ္စာနိ သရီရာနိ၊ ဝိဘဝေါ နေဝ သဿတော။**
**နိစ္စံ သန္နိဟိတောပါယော၊ ကာတဗ္ဗော ခမ္မသင်္ဂဟော။**

*(ရှေးဆရာ)*

**အနိစ္စာနိ သရီရာနိ** -သက်ရှိခန္ဓာကိုယ်တွေက လည်း မမြဲဘူး၊ အကြောင်းအမျိုးမျိုးကြောင့် အိုနိုင် တယ်၊ နာနိုင်တယ်၊ သေနိုင်တယ်၊ **ဝိဘဝေါ နေဝ သဿတော၊ ဝိဘဝေါ၊** သက်မဲ့ကိုယ်ပိုင်ဆိုင်တယ်လို့ ထင်ထားတဲ့ ပစ္စည်းဥစ္စာတွေဆိုတာလည်း။ **နေဝ သဿတော၊** မမြဲဘူး။ သက်မဲ့ ပစ္စည်းဥစ္စာတွေ၊ တိုက် တာတွေ၊ အဆောက်အဦးတွေဟာလည်းပဲ ရေ၊ မီး၊ မင်း၊ ခိုးသူစတဲ့ ဘေးရန် အန္တရာယ်တွေကြောင့် ပျောက်ပျက်နိုင်တယ်။ ပျက်စီးနိုင်တယ်။ မမြဲဘူး၊ အဲဒီတော့ သက်ရှိကိုယ့်ခန္ဓာကိုယ် မမြဲသလို သက်မဲ့ပိုင် ဆိုင်တဲ့ပစ္စည်းဥစ္စာတွေလည်း မမြဲဘူး။ ဒါဖြင့် ဘာမြဲ လည်း။ **နိစ္စံ သန္နိဟိတော ပါယော သန္နိဟိတော ပါယော၊** ပျက်စီးဖို့ ရှေးရှုနေသောအကြောင်းသည်။ **နိစ္စံ၊** မြဲ၏။ အိုဖို့ ရှေ့ရှုနေတယ်။ နာဖို့ ရှေ့ရှုနေတယ်။ သေဖို့ ရှေ့ရှုနေတယ်။ အဲဒီလို ပျက်စီးဖို့အကြောင်း တရားတွေ ရှေ့ရှုနေတာတွေကတော့ နိစ္စံ၊ မြဲတယ်။ နေ့တိုင်းပဲ ရုပ်နာမ်တွေ အိုဖို့ နာဖို့ သေဖို့အကြောင်း တရားတွေ ရှေ့ရှုနေတာကတော့ အမြဲမပြတ်ကို

တလစပ်ဖြစ်နေတာပဲ၊ ဒါဖြင့်ရင် ဘာလုပ်ရမှာလဲ **ကာတဗ္ဗော ဓမ္မ သဥ္စယော၊ ဓမ္မသဥ္စယော၊** ဒါန သီလ ဘာဝနာကုသိုလ်ကောင်းမှု စုဆောင်းခြင်း အလုပ်ကို။ **ကာတဗ္ဗော၊** မဖြစ်မနေ နေ့စဉ်နေ့တိုင်း ပြုလုပ်ထိုက်ပါပေ၏။ သက်ရှိကိုယ့်ခန္ဓာကိုယ်ကလည်း မမြဲဘူး၊ ကိုယ်မပိုင်ဘူး၊ သက်မဲ့ စီးပွားဥစ္စာတွေ ကားတွေတိုက်တွေကလည်းပဲ ကိုယ်မပိုင်ဘူး၊ မမြဲဘူး၊ မြဲတာက ပျက်စီးဖို့ အကြောင်းတွေ ရှေးရှုနေတာက မြဲတယ်ဆိုတော့ ကိုယ်ပိုင်ခွင့် ဒါနသီလ ဘာဝနာ ကုသိုလ်ကံစေတနာတွေကိုပဲ စုဆောင်းထားသင့်တယ် လို့ ရှေ့ဆရာတွေရဲ့ ဂါထာလေးက အမိပ္ပါယ်ရတယ်။ ဒါကို ပေါ်လွင်အောင် ထပ်ပြီးပြောရင် နီတိ ဆရာတွေ ရဲ့ ဂါထာလေးနဲ့ပြောရအောင်။

**စဇ ဒုဇ္ဇနသံသဂ္ဂံ၊ ဘဇ သာဓုသမာဂမံ။**

**ကရ ပုည မဟောရတ္တိံ၊ သရ နိစ္စ မနိစ္စတံ။**

*(လောကနီတိ)*

**စဇ ဒုဇ္ဇန သံသဂ္ဂံ၊ ဒုဇ္ဇနသံသဂ္ဂံ** သူယုတ်မာ တွေနဲ့ ပေါင်းသင်းခြင်းတို့၊ **စဇ၊** စွန့်ပယ်လိုက်ပါလော့၊ ကိုယ့်ဟာကို နေရင်တော့ အကောင်းပဲ၊ ဒါပေမယ့် ကိုယ့်ကို ဖျက်ဆီးမယ့် နှောင့်ယှက်မဲ့ သူယုတ်မာတွေနဲ့ ပေါင်းမိရင် ပျက်စီးမှန်းမသိ ကိုယ်ပါ ပျက်စီးသွားတတ် တယ်။ အဲတော့ (၁)နံပါတ် ဒုဇ္ဇန သံသဂ္ဂလို့ခေါ်တဲ့ မကောင်းတဲ့မိတ်ဆွေ အပေါင်းအသင်းကို မပေါင်းမိ အောင် ရှောင်ရှားနိုင်ရမယ်။ **ဘဇ သာဓုသမာဂမံ သာဓုသမာဂမံ** ပညာရှိသူတော်ကောင်းတို့နဲ့ ပေါင်း ဆုံခြင်းကို၊ **ဘဇ**-ဆည်းကပ်ပါလော့၊ မှီဝဲ ပါလော့၊ ပညာရှိသူတော်ကောင်းတွေ ပေါင်းဆုံတာကို မှီဝဲမယ်၊

ဆည်းကပ်မယ်ဆိုရင် သူတော်ကောင်း ဓာတ်တွေ ကူးစက်ပြီးတော့ ကိုယ်လည်းပဲ အလိုအလျောက် ကုသိုလ်ကောင်းမှုတွေ ပြုဖြစ်သွားတယ်။ ပြုခွင့်သာ သွားတယ်။ ပြုနိုင်သွားတယ်။ ဒါလည်းပဲ ဒကာမကြီး လျှောက်ထားချက်အရပေါ့လေ။ တပည့်တော် မောင်ငယ်က လူပျိုကြီး တစ်ယောက်ထဲသမားဆိုတော့ အမေမရှိတဲ့အခါ စိတ်ပူတယ် ဘုရားတဲ့။ အခုတော့ သူက တိပိဋက ဦးဝံသပါလ ဦးပညာသီရိစတဲ့ ဆရာတော်တွေနဲ့ ပေါင်းသင်းနေတော့ တပည့်တော် စိတ်အေးရတယ်ဘုရား။ ဝမ်းသာရတယ်ဘုရားတဲ့။ သူမှ မဟုတ်ဘူး။ ကျန်တဲ့သူတွေလဲ ဒီအတိုင်းပါပဲ။ များသော အားဖြင့် ပျက်စီးတယ်ဆိုတာ ကိုယ့်ဟာကိုက ပျက်စီး ခဲပါတယ်။ အပေါင်းအသင်း မကောင်းလို့ ပျက်စီးကြတာကများတယ်။ အဲတော့ ဘယ်အပေါင်းသင်းက ကောင်းတယ်၊ ဘယ်အပေါင်းသင်းက မကောင်းဘူး ဆိုတာ ကိုယ့်ဘာသာကိုယ် ခွဲခြားစီစစ်နိုင်ဖို့ လိုအပ်တာပါပဲ၊ ခွဲခြားပြီးတော့ သူယုတ်မာ အပေါင်း သင်းဆိုရင် ရှောင် ရှားရမယ်၊ ပညာရှိ သူတော်ကောင်း ဆိုရင် ပေါင်သင်း လိုက်မယ်ဆိုရင် ကုသိုလ်တွေ ပြုခွင့်ရပြီးတော့ ကုသိုလ် တွေ ပြုဖြစ် သွားတယ်။

ဘာကုသိုလ်တွေပြုရမှာလဲ ဘယ်လိုပြုရမှာလဲ **ကရ ပုည မဟောရတ္တိ-အဟောရတ္တိ**-နေ့ညဉ့် ပတ်လုံး၊ **ပုညံ-ဒါန** သီလ ဘာဝနာကုသိုလ်ကောင်းမှု ကို၊ **ကရ** - ပြုလုပ်လိုက်ပါလော့တဲ့ ဒါန သီလ ဘာဝနာ အမှုကို နေ့ရော ညရော ပြုလုပ်ပေးရမယ်၊ ပြုပြီးတော့ စုဆောင်းထားရမယ်၊ အသက်အရွယ်အရ အခြေအနေ အချိန်အခါအရ ဒါန သီလ ဘာဝနာ

သုံးမျိုးထဲက ဘယ်ကုသိုလ်ကို ပိုပြီးတော့ ပြုထိုက်သလဲ ဆိုတာကိုလည်း နီတိဆရာတွေက စတုတ္ထပါဒ အနေနဲ့ဆက်ပြီး ညွှန်ပြတယ်၊ **သရ နိစ္စ မနိစ္စတံ- အနိစ္စတံ**-သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံးတို့၏ မမြဲသော သဘောရှိသည် အဖြစ်ကို၊ **နိစ္စံ**-အမြဲ၊ **သရ**- အောင်းမေ့ဆင်ခြင်ရှု မှတ်ပွားများပါလော၊ ဒါန ကုသိုလ်တွေက ငယ်ငယ်ထဲက စပြီးတော့ ပြုခဲ့ပါပြီ သီလကုသိုလ်တွေလည်းပဲ တတ်နိုင်တဲ့အချိန်က စပြီးတော့ ပြုလုပ်ဖြစ်ခဲ့ပါတယ်၊ အနိစ္စဘာဝနာလို့ ခေါ်တဲ့ ဝိပဿနာ ဘာဝနာရောက်တော့ အခုလို တတိယအရွယ် တတိယအချိန်အခါကျရင်တော့ နိစ္စံ- အမြဲ၊ သရ-အောင်းမေ့ဆင်ခြင်ပွား များရမယ်တဲ့ အနိစ္စဘာဝနာ ဝိပဿနာဘာဝနာကိုတော့ အမြဲ တမ်းကို ပွားများသင့်တယ်၊ ပွားများထိုက်တယ်၊ ပွားများ ရမယ်၊ ဒီလို အဓိပ္ပါယ်ရတယ်၊ အဲ့တော့ ဒကာမကြီး အနေနဲ့ လျှောက်ထားလာတဲ့ စကားထဲမှာ တပည့် တော်လည်း ခြေထောက်ကျန်းမာရေးအရ ထိုင်းနိုင်ငံ သွားသွားပြီးတော့ ဆေးကုနေရတယ်၊ အစား အသောက်တွေ ရှောင်နေရတယ်ဆိုတော့ တစ်ခြား အရှုခံတရားတွေ မရှုတော့ပဲနဲ့ ကိုယ့်ခန္ဓာကိုယ် တရား ကိုပဲ **တရားရှာ ကိုယ်မှာတွေ့**ဆိုတဲ့ စကားအတိုင်း ကိုယ့်ခန္ဓာကိုယ်ကိုကိုယ်ပဲ ပြန်ပြီးတော့ ရှုရုံပါပဲ ရှုဖို့ အတွက်လည်းပဲ ဘုရားရဟန္တာ စတဲ့ သူတော်ကောင်း တွေက နည်းလမ်းညွှန်ပြထားတယ်။

ဘုန်းဘုန်းတို့ မြတ်စွာဘုရားရှင်ရဲ့ အလုပ်အကျွေး က အရှင်အာနန္ဒာ မထေရ်ပါ အရှင်အာနန္ဒာ မထေရ်နဲ့ က ဖွားဖက်တော် ချင်းဆိုတော့ သက်တူရွယ်တူပါပဲ

ဘုရားရှင်ကို (၅၅) နှစ်အရွယ်မှာ အရှင်အာနန္ဒာ အမြဲတမ်းပဲ ပြုစုပါတယ်၊ (၅၅)နှစ်မတိုင်ခင်ကတော့ အလုပ်ကျွေး စုန္ဒ မေဃိယ သာဂတစတဲ့ ရဟန်းတော်တွေ အဆင်သင့်သလို ပြုစုကြတယ်၊ နောက်ပိုင်းတော့ အရှင်အာနန္ဒာတစ်ပါး တည်းပဲ ဧတဒဂ်ရာထူး ချီးကျူးယူရလောက်အောင် ဘုရားရှင်ကို ပြုစုလုပ်ကျွေးတော်မူတယ်၊ ရှေးဦးစွာ အရှင်သာရိပုတ္တရာက အရင် ပရိနိဗ္ဗာန်စံသွားတယ်၊ (၇၉)နှစ်အရွယ်လောက်မှာ ပရိနိဗ္ဗာန်စံသွားတယ်၊ အရှင်သာရိပုတ္တရာနဲ့ အရှင်အာနန္ဒာဆိုတာက အလွန်ရင်းနှီးတာကိုး သက်နှီး အကောင်းစားရရင်တောင် အရှင်အာနန္ဒာက အရှင်သာရိပုတ္တရာကိုပဲ လှူတယ်၊ သူ့ရဲ့တပည့် ကိုရင်ဦးဇင်းတွေဆိုလည်း အရှင်သာရိ ပုတ္တရာဆီကိုပဲ အပ်တယ်၊ အရှင်သာရိပုတ္တရာ ပရိ နိဗ္ဗာန်စံပြီဆိုတော့ တကယ့် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိ ဖြစ်တဲ့ အရှင်အာနန္ဒာ သူ့ခေါင်းထဲမှာ သောကတွေ လွှမ်းမိုးဖိစီးလိုက်တော့ စာတွေ အကုန်းလုံး မေ့ပျောက်သွားတယ်။

ဘုရားရှင်ကိုယ်တိုင် မနည်း ဖြေသိမ့်ပေးရတယ်၊ သာရိပုတ္တရာ ပရိနိဗ္ဗာန်စံတာ သင့်ရဲ့ သီလ သမာဓိ ပညာတွေယူပြီး ပရိနိဗ္ဗာန်စံသွားလို့လား ဒီလိုတောင် မေးယူရတယ်၊ အဲ့ဒီအခါကြမှ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါ ရိက အရှင်အာနန္ဒာမထေရ် သတိနဲ့ပြန်ပြီးတော့ ထိန်းတယ်၊ ဆိုပါစို့ ရှေ့ဦးစွာ အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန် စံသွားတယ်၊ သက်တော်(၈၀) ရောက်တော့ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံသွားပြီ အဲ့တော့ ညီအစ်ကိုကလည်း တစ်ဝမ်းကွဲတော်တယ်၊ (၅၅)နှစ်ကနေ (၈၀)ဆိုတော့ (၂၅)နှစ်ပေါ့လေ (၂၅)

နှစ်တိုင်တိုင် နေရှော့ညပါ တနေ့ (၁၈)ကြိမ် အနီးကပ် ပြုစုနေရတဲ့ ဘုရား ပရိနိဗ္ဗာန်စံသွားတယ်၊ အဲဒီအခါမှာ အရှင်အာနန္ဒာရဲ့ ဘဝနေထိုင်နည်းဟာ အလွန်အထီး ကျန်သွားတယ်၊ ရဟန္တာသော်မှ သံဂါယနာတင်မည့် နေ့ကြမှပဲ ရဟန္တာဖြစ်သွားတယ်၊ ရဟန္တာ ဖြစ်ပြီး သားပုဂ္ဂိုလ်သော်မှ အလွန်ခင်မင်ရင်နှီး ကျွမ်းဝင်တဲ့ အရှင်သာရိပုတ္တရာ သူငယ်ချင်းကောင်း ကလျာဏ မိတ် မရှိတဲ့အခါ အလွန်ရင်နှီးခင်မင်တဲ့ ဖွားဘက်တော် လဲဖြစ် ဆရာသမားလဲဖြစ်တဲ့ ဘုရားရှင် ပရိနိဗ္ဗာန် စံ သွားတဲ့အခါ ရဟန္တာဖြစ်တဲ့ အရှင်အာနန္ဒာဟာ အလွန်အထီးကျန်သွားတယ်၊ ရဟန္တာ ဆိုတာ အပေါင်း အဖော် မမက်ပါဘူး တပည့်တပန်း ဒကာဒကာမလည်း မမက်ပါဘူး ဒါပေမဲ့ သူရဲ့ ဘဝဟာ အလွန်အထီးကျန် သွားတယ်၊ ဒါကို သူကိုယ်တိုင်ပဲ ထေရဂါထာ ပါဠိတော် မှာ ဟောပြတယ်၊

## အရှင်အာနန္ဒာရဲ့ ထာဝရလက်တွဲဖော်

**အဗ္ဗတီတ သဟာယဿ၊ အတီတဂတ သတ္ထုနော။**
**နတ္ထိ ဧတာဒိသံ မိတ္တံ၊ ယထာ ကာယဂတာသတိ။**

*(အာနန္ဒတ္ထေရဂါထာ)*

**အဗ္ဗတီတ သဟာယဿ**-အလွန်ရင်းနှီး ခင်မင်တဲ့ ကလျာဏမိတ်သူငယ်ချင်းဖြစ်တဲ့ အရှင် သာရိပုတ္တရာ ပရိနိဗ္ဗာန်စံသွားသောအခါ။ **အတီတ ဂတ သတ္ထုနော**၊ အလွန်လေးစားရတဲ့ ဆရာဘုရား ရှင် ပရိနိဗ္ဗာန်စံသွားသောအခါ သူမှာ အထီးကျန်တယ်၊ အဲဒီတော့ အထီးကျန်နေတော့ သူဘာနဲ့ လက်တွဲမှာလဲ ဘာနဲ့ပေါင်းသင်းမှာလဲ ဒါကို လဲပဲ အရှင်အာနန္ဒာက ဆက်ပြီးတော့ ပြပါတယ်၊ **နတ္ထိ ဧတာဒိသံ မိတ္တံ**

**ယထာ- ကာယဂတာသတိ**၊ ကာယဂတာသတိ၊ ကာယာနုပဿနာ ကမ္မဋ္ဌာန်းသည် **မိတ္တံယထာ**- အကောင်းဆုံး ကလျာဏမိတ် လက်တွဲဖော် မိတ်ဆွေဖြစ်သကဲ့သို့။ **ဧတာဒိသံ**၊ ထိုကာယဂတာသတိ ကာယာနုပဿနာသတိပဋ္ဌာန်း မိတ်ဆွေကဲ့သို့ အလွန်ကောင်းသော။ **မိတ္တံ**၊ မိတ်ဆွေသည်။ **နတ္ထိ**- လောကမှာ မရှိပါဘူး။ သူငယ်ချင်းကောင်းနဲ့ ဆရာရင်း ပရိနိဗ္ဗာန်စံသွားလို့ အထီးကျန်နေတဲ့ သူ့ဘဝဟာ ကာယဂတာသတိကမ္မဋ္ဌာန်း ကာယာနုပဿနာ ကမ္မဋ္ဌာန်းကိုပဲ အကောင်းဆုံး ထားရ လက်တွဲဖော် အနေနဲ့ လက်တွဲပြီး နေထိုင်ခဲ့ရပါတယ်၊ ဒီလို သူရဲ့ ဘဝဇာတ်ကြောင်း (ထေရဂါထာ)ကို ပြန်လည်ပြီးတော့ ပြောပြတယ်၊ အဲဒီတော့ တွက်ကြည့်ပေါ့လေ၊ ဘုရားရှင်နဲ့ သူနဲ့က သက်တော်(၈၀)အတူတူပဲ အရှင်အာနန္ဒာက သက်တော် (၁၂၀)ကြမှ ပရိနိဗ္ဗာန်စံတယ်၊ အလွန်အသက်ရှည်တယ်၊ (၁၂၀)ဆိုတော့ နှစ်(၄၀)တိုင်တိုင် အရှင်သာရိပုတ္တရာ မရှိပဲနဲ့ ဆရာဘုရား မရှိပဲနဲ့ သူနေခဲ့ရတယ်၊ အဲဒီနှစ်ပေါင်း (၄၀)တိုင်တိုင် မှာ သူ့ရဲ့ထာဝရလက်တွဲဖော်ဟာ ပုဂ္ဂိုလ် မဟုတ်တော့ဘူး အစားထိုးလို့ လဲမရဘူး၊ အရှင်သာရိပုတ္တရာလို သူငယ်ချင်းမျိုး မြတ်စွာဘုရားရှင်လို့ ဆရာမျိုး အစားထိုးလို့ မရဘူး အဲဒီတော့ သူမှာ ကလျာဏမိတ္တပုဂ္ဂိုလ် အပေါင်းအသင်းကို ထာဝရ လက်တွဲဖော် အနေနဲ့ မထားတော့ဘူး။

ကာယဂတာသတိ ကမ္မဋ္ဌာန်း ကာယာနုပဿနာ သတိပဋ္ဌာန် တရားကိုပဲ ထာဝရလက်တွဲဖော် အနေနဲ့ လက်တွဲပြီးတော့ သူနေထိုင်ခဲ့ရပါတယ်။ ဒီလို

ထေရဂါထာ ပါဠိတော်မှာ ဟောပြတယ်၊ ခုလည်းပဲ ဒကာမကြီး ဒေါ်ရွှေဥအနေနဲ့ အမေဖြစ်တဲ့ ဒေါ်မြဝင်း ကွယ်လွန်သွားပြီး ဆရာဖြစ်တဲ့ ညောင်တုန်းတိုက် ဆရာတော်ကြီး မနှစ်က ပြာသိုလ်လကွယ်နေ့မှာ ပျံလွန်တော်မူသွားတယ်၊ ထာဝရ လက်တွဲဖော်တွေ မရှိတော့ဘူး ကျန်တဲ့ ဟာတွေဆိုတာကလည်း ဘာမှာ စိတ်မချရဘူး ဘယ်သူမှ စိတ်မချရဘူး၊ စီးပွား ရေးလည်း စိတ်မချရဘူး၊ ကိုယ့်ခန္ဓာကိုယ်လည်း စိတ်မချရဘူး **အနိစ္စာနိ သရီရာနိ** စတဲ့ ရှေ့ဆရာတွေ ရဲ့ ဂါထာအရ ခန္ဓာကိုယ်ဟာလည်း အိုဖို့၊ နာဖို့ပဲ ရှေ့ရှုတယ်၊ ကွယ် လွန်ဖို့ပဲ ရှေ့ရှုတယ်၊ **ဝိဘဝေါ နေဝ သဿတော** ဆိုတဲ့ ရှေ့ဆရာတွေရဲ့ အဆုံးအမအရ စီးပွား ဥစ္စာတွေ ဆိုတာဟာလည်း ဘာမှမမြဲဘူး ကိုယ့်ခန္ဓာကိုယ်တောင်မှ မမြဲဘူး၊ ကိုယ်စီးပွား ဥစ္စာတောင်မှ မမြဲဘူး ဆိုမှတော့ ကျန်တဲ့ ပုဂ္ဂိုလ်တွေ ဘာမှ မမြဲဘူး အဲ့လိုဆိုရင်တော့ မြဲတာက အရှင် အာနန္ဒာ ပြောတဲ့အတိုင်း ကာယဂတာသတိ ကမ္မဋ္ဌာန်း ကာယာနုပဿနာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းကိုပဲ ဒကာမ ကြီးအနေနဲ့ ထာဝရလက်တွဲဖော် လုပ်ပြီးတော့ နေ့စဉ် တရား၊ နှလုံးသွင်းဖို့ပါပဲ၊ ဒါလည်း သွင်းရတာ လွယ်ပါ တယ်၊ ကိုယ်မှာ ခြေ ထောက် ရောဂါဖြစ်နေတယ်၊ ခဏခဏ ထိုင်းနိုင်ငံ သွားပြီး ဆေးပြနေရတယ်၊ အဲ့ဒီ တော့ ကာယာနု ပဿနာနဲ့ ပတ်သတ်လို့ မဟာသတိ ပဋ္ဌာနသုတ်မှာ ဘုရားရှင်က (၁၄)ပိုင်းကို ဟောပြ ထားတယ်၊ (၁၄)ပိုင်း ဆိုတာက-

၁။ အာနာပါနပဗ္ဗ =ဝင်လေထွက်လေကို
သိလျက်ရှုမှတ်မှု

၂။ ဣရိယာပထပဗ္ဗ=လျှောင်းထိုင်ရပ်သွား
ဣရိယာပုတ် (၄)ပါး ခန္ဓာကိုယ်လှုပ်ရှား
သမ္ပျသိလျက် ရှုမှတ်မှု

၃။ သမ္ပဇာနပဗ္ဗ=ရှေ့တိုးနောက်ဆုတ် ဝတ်စား
ကိုယ်တွယ် ပြောဆို သမ္ပျစသော (၇) ဌာန
တို့၌ သိလျက်ရှုမှတ်မှု

၄။ ပဋိကူလမနသိကာရပဗ္ဗ =ခန္ဓာကိုယ်မှာ
ရှိသည့် ဆံပင်မွေးညှင်း စသော (၃၂)မျိုးသော
အဖို့အစုကိုဆင်ခြင် နှလုံးသွင်းမှု

၅။ ဓာတုမနသိကာရပဗ္ဗ =ခက်မာဖွဲ့စည်း ပူအေး
ထောက်ကန်သော သဘော ဟူသော ဓါတ်
ကြီး(၄)ပါး တို့၏ သဘောသဘာဝကို
ဆင်ခြင်နှလုံးသွင်းမှု

၁၄။ နဝသိဝထိကပဗ္ဗ= သုသာန်သင်္ချိုင်းမှ လူသေ
အလောင်းကောင်(၉)မျိုးကို ကြည့်ရှုပြီး ဆင်
ခြင်နှလုံး သွင်းမှုတို့ ဖြစ်ကြတယ်။(၁၄)ပိုင်း
ထဲက သမထအပိုင်းမှာ လည်းပဲ ဘုရားရှင်က
ပဋိကူလ မနသိတာရ အနေနဲ့ ဟောပြတယ်။

## တနေ့အကြိမ်(၃၀)လက်တွဲရမည့်–
## ထာဝရလက်တွဲဖော်

ကာယဂတာသတိဘာဝနာဟူသော ထာဝရလက်တွဲဖော်ကို ပါဠိ + မြန်မာ = (၂)ဘာသာ ဖြင့် ရွတ်ဆိုဆင်ခြင်ရပါမယ်။

## ပဋိကူလ ပဗ္ဗ= ၃၂ကောဋ္ဌာသ ကမ္မဋ္ဌာန်း
## သမထဘာဝနာ

အတ္ထိ ဣမသ္မိံ ကာယေ-ကေသာ လောမာ နခါ ဒန္တာ တစော၊ မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖာသံ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ၊ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ။ အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တန္တိ။ ပါဠိလိုရရင်လည်း ပါဠိလိုဆင်ခြင်ပေါ့လေ ပါဠိလို မရရင်လဲ မြန်မာလို ဆင်ခြင်ပေါ့၊

ငါ၏ ဤကိုယ်မှာ

(၁) ဆံပင် (၂) မွေးညင်း (၃) ခြေသည်းလက်သည်း (၄) သွား (၅)အရေ (၆)အသား (၇) အကြော(၈) အရိုး (၉) ရိုးတွင်းချဉ်ဆီ (၁၀) အညို့ (၁၁)နှလုံး (၁၂) အသည်း (၁၃) အမြှေး (၁၄) အဖျဉ်း (၁၅) အဆုပ် (၁၆)အူမ (၁၇)အူသိမ် (၁၈) အစာသစ် (၁၉)အစာဟောင်း (၂၀)ဦးနှောက်(၂၁)သည်းခြေ (၂၂) သလိပ် (၂၃)ပြည် (၂၄)သွေး (၂၅)ချွေး (၂၆)အဆီခဲ (၂၇)မျက်ရည် (၂၈) ဆီကြည် (၂၉) တံတွေး (၃၀) နှပ် (၃၁) အစေး(၃၂) ကျင်ငယ်တို့သာ ရှိကြကုန်သည် တကား။

ဒီ(၃၂)ကောဋ္ဌာသ ကမ္မဋ္ဌာန်း ကာယဂတာသတိ ဘာဝနာကို ပါဠိလိုဖြစ်စေ၊ မြန်မာလိုဖြစ်စေ တစ်နေ့လျှင် အကြိမ်ခေါက် ရေ (၃၀) ထိအောင် ရွတ်ဆိုဆင်ခြင်ရမယ်။ နံနက်ပိုင်း (၁၀)ခေါက်၊ နေ့လည်ပိုင်း (၁၀)ခေါက်၊ ညနေညပိုင်း (၁၀)ခေါက် အားဖြင့် စုစုပေါင်း ခေါက်ရေ (၃၀) ကို မနှေးလွန်း မမြန်လွန်းပဲ

မဖြစ်မနေကို ရွတ်ဆိုရပါမယ်။ မရွတ်ဆိုပဲ နေခြင်းငှာ မသင့်တော်ဘူး။ နံနက်အိပ်ရာမှထလျှင် မျက်နှာကို မဖြစ်မနေ သစ်ရတယ်။ စားဖွယ်သောက်ဖွယ်ကို လည်း မဖြစ်မနေ စားရတယ်။ ဒီကာယဂတာသတိ ဘာဝနာဟူသော ထာဝရလက်တွဲဖော်ကိစ္စ၌မူ နံနက် အိပ်ရာမှ ထလျှင် မျက်နှာမသစ်ပဲ နေချင်နေနိုင်ပါ တယ်။ စားဖွယ်သောက်ဖွယ်ကိုလည်း မစား မသောက် ပဲ နေချင်နေနိုင်ပါတယ်။ ဒါပေမဲ့ ဒီကာယဂတာသတိ ဘာဝနာဟူသော (၃၂) ကောဋ္ဌာသကိုမူ မဖြစ်မနေ ရွတ်ဆိုရပါမယ်။ ရွတ်ဆိုလျှင် အကျိုးကြီးမားစွာ ဖြစ် ထွန်းရရှိနိုင်ပါတယ်။ *(ဝိဘင်္ဂအဋ္ဌကထာ၊ ၂၄၄)*

ဒါကာယဂတာ သတိကို ကာယာနုပဿနာ သတိပဋ္ဌာန်း အခန်းမှာ သမထအနေနဲ့ ပဋိကူလပဗ္ဗ ဆိုပြီးတော့ ဘုရားရှင်က ဟောပြတယ်၊ အဲဒီတော့ ကိုယ်ခန္ဓာကိုယ် ခြေထောက်နဲ့ ပတ်သက်ပြီး ကုနေ ရတယ်ဆိုတော့ ခုလိုခန္ဓာကိုယ်မှာရှိတဲ့ ဒွတ္တိံကာရ ကမ္မဋ္ဌာန်းကို နေ့စဉ် စီးဖျန်းမယ်ဆို ရင်လဲပဲ ကာယ ဂတာသတိ မိတ်ဆွေနဲ့ လက်တွဲတာပါပဲ။

## ဓာတ်ကမ္မဋ္ဌာန်းများ

ဒီထက် တစ်ဆင့်တက်ပြီးတော့ ဝိပဿနာ အနေနဲ့ ဆင်ခြင်မယ်ဆိုရင်လည်းပဲ ကာယာနုပဿနာ သတိပဋ္ဌာန် အပိုင်းမှာ ဓာတု မနသိကာရပဗ္ဗ ဆိုတာ ရှိတယ်၊ ခန္ဓာကိုယ်ဟာ တည်ဆောက်ထားတဲ့ အမာခံ ဓာတ်ကြီး(၄)ပါး ပထဝီမြေဓာတ်၊ အာပေါရေဓာတ်, တေဇော အပူအငွေ့ဓာတ်, ဝါယော၊ လေဓာတ် ဒီဓာတ် ကြီး(၄)ပါးနှင့် ခန္ဓာကိုယ်ကတည်ဆောက် ထားရတယ်၊ အဲဒီတော့ ခုနက ရွတ်ပြလိုက်တဲ့ (၃၂) ကောဋ္ဌာသ

ထဲမှာ ဆံပင်ကနေပြီးတော့ ဦးနှောက်ထိ (၂၀)ရှိတယ်၊ အဲ့ဒီခန္ဓာကိုယ် အစိတ်အပိုင်း(၂၀)က မာကျောတဲ့ အတွက် ပထဝီမြေဓာတ် သဘောရှိတယ်၊ အဲဒီပထဝီ မြေဓာတ် သဘောရှိတာကိုပဲ

**အယံ ပထဝီဓာတု**- အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ နိဿတ္တာ နိဇ္ဇီဝါ တုစ္ဆာ သုညာ ခယဓမ္မာ ဝယဓမ္မာ နိရောဓဓမ္မာ၊ အနိစ္စာ ခယဋ္ဌေန ၊ ဒုက္ခာ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန၊ ဟုတွာ အဘာဝဋ္ဌေန အနိစ္စာ၊ ဥဒယ ဝယ ပဋိပီဠနဋ္ဌေန ဒုက္ခာ၊ အဝသဝတ္တနဋ္ဌေန အနတ္တာ၊ နေတံ မမ, နေသောဟ မသ္မိ, န မေ သော အတ္တာတိ။

အဲဒီလို့ လယ်တီ ဆရာတော်ကြီးတို့ရဲ့ ဓာတ် ကမ္မဋ္ဌာန်း မှာလာတဲ့ အတိုင်း ခန္ဓာကိုယ်မှာရှိတဲ့ ဆံပင် ကနေ ဦးနှောက်ထိ (၂၀)သော အဖိုးအစုတွေ ဝိပဿ နာတင်ပြီး ဆင်ခြင် မယ်ဆိုရင်လဲပဲ ဓာတ်ကမ္မဋ္ဌာန်း ဝိပဿနာ ဖြစ်လာတာ ပါပဲ အဲဒီတော့ ပါဠိလိုက လူတွေအဖို့ ခက်တာပေါ့ မြန်မာလိုက အာရုံပြုရတာ လွယ်တယ်၊ အဲဒီတော့ မြန်မာလိုဆိုရင်တော့ ခုန အစိတ်အပိုင်း(၂၀)က များပါတယ်၊ ချုံ့လိုက်ရင် (၂)မျိုး ပါပဲ ပထဝီမြေဓာတ်ရဲ့ သဘောက ခက်မာတာနဲ့ နူညံ့ ;တာ ဒီ(၂)ခုပါပဲ၊ အဲဒီတော့ ခက်မာတဲ့ ပထဝီမြေဓာတ် အကြမ်း နူတဲ့ ပထဝီမြေဓာတ် ဒီ(၂)မျိုးလုံးဟာ အနိစ္စ= ခိုင်မြဲတဲ့ သဘောမရှိဘူး မမြဲတဲ့ သဘောပဲ၊ သင်္ခတ =ကံစိတ်ဥတု အာဟာရ တရား(၄)ပါး ပြုပြင်နေရတဲ့ သဘော ပဋိစ္စသမုပ္ပန္န အကြောင်းကြောင့် ဖြစ်တဲ့ သဘော။ နိဿတ္တ နိဇ္ဇီဝ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး၊ တုစ္ဆာ သုညာ အတ္တမှ ကင်းဆိပ်နေတယ်၊ ခယဝယ နိရောဓ ကုန်ခမ်း ခြင်း ပျက်ဆီးခြင်း ချုပ်ခြင်း သဘော

ရှိတယ်၊ အနိစ္စ ဒုက္ခ အနတ္တ သဘောရှိတယ်၊ အဲဒီလို ဆင်ခြင် လိုက်ရင်လဲပဲ ပထဝီမြေဓာတ် ကမ္မဋ္ဌာန်း ဝိပဿနာ ဆင်ခြင်ပြီးသား ဖြစ်သွားတယ်၊

**(လင်္ကာ) အကြမ်း+အနု၊ နှစ်ခုပထဝီ၊ မြေ ဓာတ်သည်ကား ရှည်မြင့် ကာလ မတည်ထပဲ ခဏ ဖြစ်လျက် ခဏပျက်၏ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် တရံမစဲ လွန်ဆင်းရဲ၏ ခိုင်မြဲ ကျောမာ၊ နှစ်မပါဘူး ပညာ စက္ခု မြှော်ထောက် ရှုလျှင် သူ့သဘာဝ အနိစ္စနှင့် ဒုက္ခ အနတ္တာ မှန်လှစွာ၏ ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာတို့ ဘာတစ်ခု မျှ မဟုတ်ကြသည် ဓမ္မသက်သက်ပါတကား။**

နောက် ဒုတိယဓာတ်က အာပေါရေဓာတ် (၃၂)ကောဋ္ဌာသထဲမှာ ကျန်နေတဲ့ သည်းခြေကနေ ကျင်ငယ်အထိ (၁၂)ခုရှိတယ်၊ အဲဒါကတော့ အာပေါ ရေဓာတ်သဘော ရှိတဲ့အတွက် အာပေါဓာတ် (၁၂)ပါး လို့ ခေါ်ရတယ်၊ အဲဒီ အာပေါရေဓာတ် (၁၂)ပါးကို လည်းပဲ

**အယံ အာပေါဓာတု-အနိစ္စာ သင်္ခတာ** ပဋိစ္စသမုပ္ပန္နာ နိဿတ္တာ နိဇ္ဇီဝါ တုစ္ဆာ သုညာ ခယဓမ္မာ ဝယဓမ္မာ နိရောဓဓမ္မာ၊ အနိစ္စာ ခယဋ္ဌေန ၊ ဒုက္ခာ ဘယဋ္ဌေန၊ အနတ္တာ အသာရ ကဋ္ဌေန၊ ဟုတွာ အဘာဝဋ္ဌေန အနိစ္စာ၊ ဥဒယ ဝယ ပဋိပီဠဋ္ဌေန ဒုက္ခာ၊ အဝသဝတ္တနဋ္ဌေန အနတ္တာ၊ နေတံ မမ, နေသောဟ မသ္မိ, န မေ သော အတ္တာ။

ဒီလို နည်းနဲ့ဆင်ခြင်ရင် လဲရတယ်၊ မြန်မာလို ဆင်ခြင်မယ်ဆိုရင်တော့ အာပေါ ရေဓာတ် ဆိုတာ ဖွဲ့တဲ့သဘော စီးကပ်တဲ့သဘော ရှိတယ်၊ (၁၂)မျိုး ဆိုတာ များပါတယ်၊ အဲဒီတော့ ဖွဲ့တဲ့ သဘော စေးတဲ့

သဘောရှိတဲ့ အာပေါရေဓာတ်ဟာ အနိစ္စ မြဲတဲ့ သဘောမရှိဘူး၊ သခ်တ၊ ကံစိတ်ဥတု အာဟာရ အကြောင်း တရား(၄)ပါးကပေါင်းပြီးတော့ ပြုပြင်နေရတယ်၊ ပဋိစ္စသမုပ္ပန္န အကြောင်းတရားတွေ ကြောင့်ဖြစ်ပေါ်နေတဲ့ အကျိုးတရားတွေပဲ နိဿတ္တ နိဇ္ဇီဝ သတ္တ,ဇီဝ မဟုတ်ဘူး တုစ္ဆာ သုညာ အတ္တမှနေ ကင်းဆိပ်တယ် မမြဲတဲ့ အနိစ္စ၊ ဆင်းရဲတဲ့ ဒုက္ခ၊ အစိုးမရတဲ့ အနတ္တ၊ သဘောတွေ အဲဒီလိုမြန်မာလို ဆင်ခြင်ရင်လည်းပဲ အာပေါရေဓာတ်ကို ဆင်ခြင်လို့ရပါတယ်၊

(လင်္ကာ) **ဖွဲ့သော + စည်းသော၊ အာပေါနှစ်မည်၊ ရေဓာတ်သည်ကား ရှည်မြင့်ကာလ မတည်ထ ပဲ ခဏဖြစ်လျက် ခဏပျက်၍ ဖြစ်ပျက်နှစ်တန် နှိပ်စက် ဒဏ်ဖြင့် တရံမစဲ လွန်ဆင်းရဲ၍ ခိုင်မြဲကျောမာ နှစ်မပါဘူး ပညာစက္ခုမြော်ထောက်ရှုလျှင် သူ့သဘာဝ အနိစ္စ နှင့် ဒုက္ခ အနတ္တာ မှန်လှစွာ၍ ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာတို့ ဘာတစ်ခုမျှ မဟုတ်ကြ သည် ဓမ္မသက်သက်ပါတကား။**

တတိယမြောက်ဓာတ်က အငွေ့ဓာတ် တေဇောဓာတ်ပဲ တေဇောဓာတ်ကတော့ စာပေမှာ သန္တပန တေဇော ဒဟနတေဇော ဇီရဏတေဇော ပါစက တေဇောလို့ (၄)ပါးထိပြတယ်၊ အကျဉ်းချုံး ရင်တော သီတတေဇောနဲ့ ဥဏှတေဇောပါပဲ။ အပူငွေ့နဲ့ အအေးငွေ့ပါပဲ ကိုယ့်ခန္ဓာကိုယ် စမ်းကြည့်လိုက်ပေါ့လေ အအေးငွေ့လည်း ရှိတယ်၊ အပူငွေ့လည်း ရှိတယ်၊ အဲဒါ တေဇောဓာတ် သဘာဝပဲ၊ အဲဒီတေဇော ဓာတ် သဘာဝကိုလည်း **အယံ တေဇောဓာတု-** အနိစ္စာ သခ်တာ ပဋိစ္စသမုပ္ပန္နာ နိဿတ္တာ နိဇ္ဇီဝါ တုစ္ဆာ သုညာ

ခယဓမ္မာ ဝယဓမ္မာ နိရောဓဓမ္မာ၊ အနိစ္စာ ခယဋ္ဌေန ၊ ဒုက္ခာ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန၊ ဟုတ္တာ အဘာဝ ဋ္ဌေန အနိစ္စာ၊ ဥဒယ ဝယ ပဋိပီဠဋ္ဌေန ဒုက္ခာ၊ အဝ သဝတ္တနဋ္ဌေန အနတ္တာ၊ နေတံ မမ, နေသောဟ မသ္မိ, န မေ သော အတ္တာ။ ပါဠိလို့ပဲဆင်ခြင်ဆင်ခြင် (သို့) မြန်မာလို လည်း လင်္ကာအနေနဲ့ပွားများပါ၊

**(လင်္ကာ) ပူသောအေးသော တေဇောနှစ်မည် လေဓာတ်သည်လည်း မြင့်ရှည်ကာလ မတည်ထပဲ ခဏဖြစ်လျှက် ခဏပျက်၍ ဖြစ်ပျက် နှစ်တန် နှိပ်စက်ဒဏ်ဖြင့် မရပ်မဆဲ လွန်ဆင်းရဲ၏ ခိုင်မြဲကျော မာ နှစ်မပါဘူး ပညာစက္ခု မျှော်ထောက်ရှုလျှင် သူ့သဘာဝ အနိစ္စနှင့် ဒုက္ခအနတ္တာ မှန်လှစွာ၏ ငါ ငါ့ဥစ္စာ ငါလိပ်ပြာတို ဘာတစ်ခုမျှ မဟုတ်ကြသည် ဓမ္မ သက်သက်ပါတကား၊**

ဒီလို မင်းကွန်းတိပိဋကဆရာတော်ကြီးတို့ရဲ့ ဓာတ်ကမ္မဋ္ဌာန်း လင်္ကာနဲ့ ဆင်ခြင်ရင်လည်းပဲ ပေါ်လွင်ပါတယ်၊ ကိုယ့်ခန္ဓာကိုယ်ကို စမ်းကြည့်လိုက်ပေ့ါလေ ပူတဲ့အငွေ့ ပူတဲ့ သဘောလေး တွေ့လိမ့်မယ်၊ အဲ့ဒါ တေဇောဓာတ်ပေ့ါလေ အေးတဲ့အငွေ့ အေးတဲ့ တေဇောလည်း တွေ့လိမ့်မယ်၊ ဉာဏ်ဖြင့်ပဲ သိရတာပါ အကောင် အထည်အနေနဲ့ ကတော့ ယူလို့မရဘူး အဲ့ဒါကိုလဲပဲ တေဇောဓာတ် သဘာဝကို ဝိပဿနာ တင်ပြီးတော့ ဆင်ခြင်လိုက်ရင် ဝိပဿနာ ဓာတ် ကမ္မဋ္ဌာန်း အကောင်းဆုံး မိတ်ဆွေ ဖြစ်သွားတယ်။

နောက်ဆုံးဓာတ်ကြီးက ဝါယော=လေ ဓာတ်ပဲ။ ဝါယော လေဓာတ်ကိုတော့ စာပေက

ခြောက်မျိုးထိပြတယ်၊ ဥဒ္ဓင်္ဂမ အထက်ဆန်တဲ့လေ၊ အဓောဂမ-အောက်စုံတဲ့လေ ကုစ္ဆိသယ - ဗိုက်ထဲဝမ်းထဲမှာရှိတဲ့လေ ကောဋ္ဌာသယ-အူထဲမှာရှိတဲ့လေ၊ အင်္ဂမင်္ဂါနုသာရိ-ခြေလက်စတဲ့ အင်္ဂါကြီးငယ် စဉ်လျှောက်တဲ့လေ၊ အဿာသ ပဿာသလေ ဝင်သက်ထွက်သက်လေ တစ်ကိုယ်လုံးမှာ ဒီလေခြောက်ပါးပဲ တွန်းကန်လုပ်ရှား ရွေ့ရှား နေရတယ်၊ အဲ့ဒီ ဝါယော လေဓာတ်ကြောင့်ပဲ ကိုယ်နေတဲ့ကျောင်း ကိုယ်နေတဲ့ အိမ်ကနေ ခု ချက်ထရီယံ ဟိုတယ်ကို ရောက်လာတယ်၊ အဲ့ဒီလေမရှိဘူးဆိုရင် လေဖြန်းပြီး လေဖြတ်နေရင် ဘယ်မှ မရွေ့နိုင်ဘူး အဲ့ဒီတော့ ဒီလေ(၆)ပါးပဲ ဖြစ်ဖြစ် ဒါမှမဟုတ် အဲ့ဒီ လေကိုလည်းပဲ ပျော့သော မာသောလို့ မင်းကွန်းဆရာတော်ကြီးက (၂)မျိုးခွဲတယ်၊ ပျော့တဲ့လေ မာတဲ့လေ အဲ့ဒီလို ပျော့တဲ့လေ မာတဲ့လေ လို့ ခွဲပြီးတော့

**အယံ ဝါယောဓာတု**-အနိစ္စာ သခ်တာ ပဋိစ္စသမုပ္ပန္နာ နိဿတ္တာ နိဇ္ဇီဝါ တုစ္ဆာ သုညာ ခယဓမ္မာ ဝယဓမ္မာ နိရောဓဓမ္မာ၊ အနိစ္စာ ခယဋ္ဌေန ၊ ဒုက္ခာ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန၊ ဟုတွာ အဘာဝဋ္ဌေန အနိစ္စာ၊ ဥဒယ ဝယ ပဋိပီဠ ဋ္ဌေန ဒုက္ခာ၊ အဝသဝတ္တနဋ္ဌေန အနတ္တာ၊ နေတံ မမ, နေသောဟ မသ္မိ, န မေ သော အတ္တာ။ ဒီလိုလယ်တီ ဆရာတော်ကြီးရဲ့ ဓာတ်ကမ္မဋ္ဌာန်းကျမ်း ပါဠိနဲ့ပဲ ဖြစ်ဖြစ် စီးဖြန်းရပါတယ်။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီးရဲ့ လင်္ကာလေး ပေါ့လေ

**(လင်္ကာ) ပျော့သော+ မာသော၊ ဝါယောနှစ်မည် လေဓာတ်သည်လည်း ရှည်မြင့် ကာလ မတည်ထပဲ ခဏဖြစ်လျက် ခဏပျက်၏**

ဖြစ်ပျက် နှစ်တန် နှိပ်စက် ဒဏ်ဖြင့် တရံမစဲ လွန်ဆင်းရဲ၏ ခိုင်မြဲကျော၊မာ နှစ်မပါဘူး ပညာ စက္ခု မြှော်ထောက်ရှုလျှင် သူ့သဘာဝ အနိစ္စ နှင့် ဒုက္ခအနတ္တာ မှန်လှစွာ၏ ငါ ငါ့ဉစ္စာ ငါ့လိပ် ပြာတို့ ဘာတစ်ခုမျှ မဟုတ်ကြသည် မမှ သက် သက်ပါတကား။

ဒီလို မင်းကွန်းတိပိဋကဆရာတော်ကြီးရဲ့ လင်္ကာလေးနဲ့ပဲ ဖြစ်ဖြစ် ဆင်ခြင်နှလုံးသွင်းလိုက်မယ် ဆိုရင် ခါတ် ကမ္မဋ္ဌာန်း ဝိပဿနာ ဘာဝနာဟာ အကောင်းဆုံး ထာဝရလက်တွဲဖော် မိတ်ဆွေပါပဲ အဲ့ဒီအကောင်းဆုံး မိတ်ဆွေ ထာဝရ လက်တွဲဖော်နဲ့ သာ တွဲနေမယ်ဆိုရင် နေထိုင်မကောင်းဖြစ်ဦးတော့ ကိစ္စမရှိဘူး၊ နေရထိုင် ရတာ သက်တောင့်သက်သာ ရှိတယ်၊ ကိုယ့်နားကို ဒကာ ဒကာမတွေ မကပ်ဦးတော့၊ တပည့်တပန်းတွေ မကပ်ဦးတော့ မိတ်ဆွေသူငယ်ချင်း တွေ မကပ်ဦးတော့ ကိစ္စမရှိဘူး ကိုယ့်မှာ အကောင်းဆုံး ထာဝရလက်တွဲ ဖော် မိတ်ဆွေရှိနေပြီ ဒီမိတ်ဆွေနဲ့ အရှင်အာနန္ဒာတို့ နှစ်(၄၀)ထိနေသွားတယ်၊ ဒကာမ ကြီးတို့ ဘုန်းဘုန်းတို့ နှစ်(၄၀)ထိ နေရမယ်လို့ ဘယ်သူ မှ အာမခံချက် မပေးနိုင်ဘူး။

အဲ့တော့ အာမခံချက် မပေးနိုင်တဲ့ဘဝမှာ ရပ်တည်နေရတာ ဆိုတော့ ရပ်တည်ရတဲ့ အခိုက် မှာတော့ ကိုယ်လက်တွဲတဲ့ ပုဂ္ဂိုလ်က ကိုယ်လက်တွဲတဲ့ အရာက ထာဝရ လက်တွဲဖော်ဖြစ်ဖို့ လိုတာပါပဲ ပုဂ္ဂိုလ်တွေဆိုတာ စိတ်မချရပါဘူး ပစ္စည်းဉစ္စာတွေ ဆိုတာလည်း စိတ်မချရဘူး နောက်ဆုံး ကိုယ့်ခန္ဓာကိုယ် သော်မှ စိတ်မချရဘူး စိတ်ချရတာကတော့ အရှင် အာနန္ဒာပြောနေတဲ့ ကာယဂတာ သတိကမ္မဋ္ဌာန်း၊

ကာယာနုပဿနာသတိကမ္မဋ္ဌာန်းကမှ စိတ်ချရတာ၊ ဘယ်တော့မှ ကိုယ့်ကိုပစ်မသွားဘူး ဘယ်တော့မှ ကိုယ့်ကို ချန်မထားဘူး ကိုယ်သွားလေရာနောက် သူက တစ်ကောက်ကောက်လိုက်နေမှာပါပဲ လိုက်တဲ့ အခါ ဒီဘဝတင်မကဘူး၊ ဖြစ်လေရာ ဘဝသံသရာထိ ကုသိုလ်ကံ စေတနာတွေက လိုက်မှာပါပဲ၊ ပုဂ္ဂိုလ် တွေဆို တာကတော့ အတိုင်းအတာတစ်ခုပါပဲ။

**ထာဝရလက်တွဲဖော်နှင့် လက်တွဲနိုင်ပါစေ**

အဲ့ဒီ တော့ ဒီလောက်ဆိုရင်တော့ ဒကာမကြီး ဒေါ်မြဝင်းရဲ့ မတကဘတ် ကုသိုလ်ကောင်းမှုပြုတဲ့အခါ ထာဝရ လက်တွဲဖော်ဆိုတာ ဘယ်သူဘယ်ဝါဆိုတာ နားလည် သဘော ပေါက်လောက်ပါပြီ၊ ကာယဂတာ သတိကမ္မဋ္ဌာန်း ကာယာနုပဿနာ သတိပဋ္ဌာန် ကမ္မ ဋ္ဌာန်း သည်သာလျှင် ထာဝရလက်တွဲဖော် ဖြစ်ပါတယ်၊ ကျန်တာတွေ ဇနီး မယား ခင်ပွန်းလင် သားသမီး သူငယ်ချင်း ဆွေမျိုး မိတ်ဆွေဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ တစ်ယောက်မှ ထာဝရမိတ်ဆွေ မဟုတ်ပါဘူး ခေတ္တ အခိုက်အတန့် လက်တွဲဖော်လေးပါပဲ၊ ကွယ်လွန် အနိစ္စ ရောက်သွားရင်တောင်မှ အဲ့ဒီပုဂ္ဂိုလ်သတ္တဝါ တွေက သုဿာန်ထိတောင် လိုက်ပို့ ချင်ကြတာ မဟုတ်ပါဘူး ကိုယ်ပွားများထားတဲ့ ကာယဂတာသတိ ကမ္မဋ္ဌာန်း ကာယာနုပဿနာ သတိပဋ္ဌာန် မိတ်ဆွေကတော့ ထာဝရ လက်တွဲဖော်ဆိုတော့ ကိုယ်သုဿာန် ရောက် လဲ လိုက်မှာပဲ နောက်ဘဝ တစ်ခြား ဘုံဘဝ ရောက်လဲ

သူက အရိပ်ပမာလိုက်ပြီးတော့ ကောင်းကျိုး တွေပေး နေမှာပါပဲ၊ အဲ့တော့ မိခင်ကြီး ရဟန်းအမကြီး ဒေါ်မြဝင်းရဲ့ မတကဘတ်မှာ အားလုံးသော ဆရာ တော်များ ဒကာ ဒကာမများအနေဖြင့် ထာဝရ လက်တွဲဖော်အဖြစ် ကာယဂတာသတိ-ကာယာနုပဿ နာ ကမ္မဋ္ဌာန်းကို အသီးအသီး ကိုယ်စီ ကိုယ်ငှ လက်တွဲနိုင်ကြပါစေကုန်သတည်း။

**သာဓု - သာဓု သာဓု**

❊ ❊ ❊ ❊ ❊ ❊ ❊ ❊ ❊



ညောင်တုန်းတိုက်၌ ရုပ်ပွားပေါင်း
တစ်သောင်း(၁,၀၀၀၀)ကို
အနေကဇာတင်ကြစဉ်





အိန္ဒိယနိုင်ငံ မိဂဒါဝုန်ဆရာတော်အား လှူဒါန်းစဉ်



အရပ်ဒေသအသီးသီးသို့ လှူဒါန်းစဉ်



အရပ်ဒေသအသီးသီးသို့ လှူဒါန်းစဉ်



ဘုရာဒကာ ဦးမျိုးအောင်က
လှူဒါန်းရကြောင်းကို လျှောက်ထားစဉ်



ဘုရားရုပ်ပွါးတော်တို့ကို အရပ်ဒေသအသီးသီးသို့
ပင့်ဆောင်ယူသွားကြစဉ်



# သောင်္ဃသစေတီ (၉)ချူအပိုင်း

သရဏဂုံသုံးပါး၊ ဘုရားဂုဏ်တော်ကိုးပါး၊
လောကုတ္တရာဈာန်သုံးပါး၊ ဝိဇ္ဇာဉာဏ်သုံးပါး တို့အားဖြင့်
(၁၆)ဌာန ပါဝင်သည့်

## (၁) သောင်္ဃသ(ဌာန)စေတီတော် တည်နည်း



# သရဏဂုံသုံးပါး၊ ဘုရားဂုဏ်တော်ကိုးပါး၊ လက္ခဏာယာဉ်သုံးပါး၊ ဝိဇ္ဇာဉာဏ်သုံးပါးတို့အားဖြင့် (၁၆)ဌာန ပါဝင်သည့် (၁) သောဠသ (ဌာန) စေတီတော် တည်နည်း

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(ဗုတ်ဓံ သရဏံ ဂစ်ဆာမိ)

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(ဓမ်မံ သရဏံ ဂစ်ဆာမိ)

၃။ သံဃံ သရဏံ ဂစ္ဆာမိ။
(သံဃံ သရဏံ ဂစ်ဆာမိ)

၄။ အရဟံ။ (အရဟံ)

၅။ သမ္မာသမ္ဗုဒ္ဓေါ။ (သမ်မာ သမ်ဗုတ်ဓော)

၆။ ဝိဇ္ဇာစရဏသမ္ပန္နော။
(ဝိတ်ဇာစရဏ သမ်ပန်နော)

၇။ သုဂတော။ (သုဂတော)

၈။ လောကဝိဒူ။ (လောကဝိဒူ)

၉။ အနုတ္တရော ပုရိသဒမ္မသာရထိ။
(အနုတ်တရော ပုရိသ ဒမ်မသာရထိ)

၁၀။ သတ္ထာ ဒေဝမနုဿာနံ။
(သတ်ထာဒေဝ မနုတ်သာနံ)

၁၁။ ဗုဒ္ဓေါ။ (ဗုတ်ဓော)

၁၂။ ဘဂဝါ။ (ဘဂဝါ)

၁၃။ သဗ္ဗေ သင်္ခါရာ အနိစ္စာ။
(သတ်ဗေ သင်ခါရာ အနိတ်စာ)

၁၄။ သဗ္ဗေ သင်္ခါရာ ဒုက္ခာ။
(သတ်ဗေ သင်ခါရာ ဒုက်ခါ)

၁၅။ သဗ္ဗေ ဓမ္မာ အနတ္တာ။
(သတ်ဗေ ဓမ်မာ အနတ်တာ)

၁၆။ သော ဘဂဝါ ဝိဇ္ဇတ္တယဉာဏေန
သမန္နာဂတောတိ။
(သော ဘဂဝါ ဝိတ်ဇတ်တယ ဉာဏေန
သမန်နာ ဂတောတိ)

✳ ✳ ✳ ✳ ✳ ✳ ✳ ✳ ✳

## သောဠသစေတီ (၉)ဆူတွင် ပါဝင်သော ဂုဏ်တော်-ဉာဏ်တော်များ

## (၁)သောဠသဋ္ဌာနစေတီတွင် ပါဝင်သော ဂုဏ်တော်-ဉာဏ်တော်များ

(သရဏဂုံ (၃)ပါး+ဘုရားဂုဏ်တော် (၉)ပါး+
လက္ခဏာယာဉ် (၃)ပါး+ဝိဇ္ဇာဉာဏ်
(၃)ပါး)

၁။ မြတ်စွာဘုရားရှင်ကို ကိုးကွယ်ရာဟူ၍
ဆည်းကပ်ပါ၏။

၂။ တရားတော်ကို ကိုးကွယ်ရာဟူ၍
ဆည်းကပ်ပါ၏။

၃။ သံဃာတော်ကို ကိုးကွယ်ရာဟူ၍
ဆည်းကပ်ပါ၏။

၄။ ပူဇော်အထူးကို ခံယူတော်မူထိုက်သော ဘုရားရှင်

၅။ တရားအားလုံးကို အကုန်သိတော်မူသော ဘုရားရှင်

၆။ ဝိဇ္ဇာစရဏနှင့် ပြည့်စုံတော်မူသော ဘုရားရှင်

၇။ စကားကောင်းကို ပြောဆိုတော်မူသော ဘုရားရှင်

၈။ လောကသုံးပါးကို သိမြင်တော်မူသော ဘုရားရှင်

၉။ လိမ္မာယဉ်ကျေးအောင် ဆုံးမရာ၌ အမြတ်ဆုံး ဖြစ်သော ဘုရားရှင်

၁၀။ နတ်လူပြဟ္မာ သတ္တဝါတို့၏ ဆရာဖြစ်တော်မူ သော ဘုရားရှင်

၁၁။ သစ္စာလေးပါးကို ကိုယ်တိုင်လည်းသိ၍ သတ္တဝါတို့ကိုလည်း သိစေနိုင်သော ဘုရားရှင်

၁၂။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်

၁၃။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် မမြဲသော အနိစ္စတို့ ပါတကား

၁၄။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် ဆင်းရဲ သော ဒုက္ခတို့ ပါတကား

၁၅။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် အစိုးမရ သော အနတ္တတို့ ပါတကား

၁၆။ ထိုဘုရားရှင်သည် ပု-ဒိ-အာ-ဟူသော ဝိဇ္ဇာဉာဏ်သုံးပါးနှင့် ပြည့်စုံတော်မူပါပေ၏။

✳ ✳ ✳ ✳ ✳ ✳ ✳ ✳ ✳

ပါရမီတော်ဆယ်ပါး၊ အသာဓာရဏဉာဏ်တော်ခြောက်ပါးအရှင်

(၁၆)လွှာ ပါဝင်သည့်

# (၂) သောဠသ(လွှာ)စေတီတော် တည်နည်း



၅။ သော ဘဂဝါ ဝီရိယ ပါရမီ ပုံရသည်၊

၄။ သော ဘဂဝါ ပညာပါရမီ ပုံရသည်၊

၃။ သော ဘဂဝါ နေက္ခမ္မ ပါရမီ ပုံရသည်၊

၂။ သော ဘဂဝါ သီလ ပါရမီ ပုံရသည်၊

၁။ သော ဘဂဝါ ဒါန ပါရမီ ပုံရသည်၊

၁၀။ သော ဘဂဝါ ဥပေက္ခာ ပါရမီ ပုံရသည်၊

၉။ သော ဘဂဝါ မေတ္တာ ပါရမီ ပုံရသည်၊

၈။ သော ဘဂဝါ အဓိဋ္ဌာန ပါရမီ ပုံရသည်၊

၇။ သော ဘဂဝါ သစ္စ ပါရမီ ပုံရသည်၊

၆။ သော ဘဂဝါ ခန္တီ ပါရမီ ပုံရသည်၊

# ပါရမီ ဆယ်ပါး၊
# အသာဓာရဏဉာဏ်တော်ခြောက်ပါးအားဖြင့်
# (၁၆)လေခ ပါဝင်သည့်
# (၂) သောဠသ(လေခ) စေတီတော် တည်နည်း

၁။ သော ဘဂဝါ ဒါန,ပါရမီ ပူရေသိ။
(သော ဘဂဝါ ဒါန,ပါရမိန် ပူရေသိန်)
၂။ သော ဘဂဝါ သီလ,ပါရမီ ပူရေသိ။
(သော ဘဂဝါ သီလ,ပါရမိန် ပူရေသိန်)
၃။ သော ဘဂဝါ နေက္ခမ္မ,ပါရမီ ပူရေသိ။
(သော ဘဂဝါ နိတ်ခမ်မ,ပါရမိန် ပူရေသိန်)
၄။ သော ဘဂဝါ ပညာပါရမီ ပူရေသိ။
(သော ဘဂဝါ ပညာပါရမိန် ပူရေသိန်)
၅။ သော ဘဂဝါ ဝီရိယပါရမီ ပူရေသိ။
(သော ဘဂဝါ ဝီရိယပါရမိန် ပူရေသိန်)
၆။ သော ဘဂဝါ ခန္တီပါရမီ ပူရေသိ။
(သော ဘဂဝါ ခန်တိပါရမိန် ပူရေသိန်)
၇။ သော ဘဂဝါ သစ္စပါရမီ ပူရေသိ။
(သော ဘဂဝါ သစ်စပါရမိန် ပူရေသိန်)
၈။ သော ဘဂဝါ အဓိဋ္ဌာနပါရမီ ပူရေသိ။
(သော ဘဂဝါ အဓိတ်ထာန,ပါရမိန် ပူရေသိန်)
၉။ သော ဘဂဝါ မေတ္တာပါရမီ ပူရေသိ။
(သော ဘဂဝါ မေတ်တာ,ပါရမိန် ပူရေသိန်)
၁၀။ သော ဘဂဝါ ဥပေက္ခာပါရမီ ပူရေသိ။
(သော ဘဂဝါ ဥပစ်ခါ,ပါရမိန် ပူရေသိန်)
၁၁။ သော ဘဂဝါ အသာဓာရဏာသု ဣန္ဒြိယ
ပရောပရိယတ္တ ဉာဏာသု ပဋိဝေဓာယ

ဥပနိဿယဘူတာ ဒသပါရမီယော ပူရေသိ၊
(သော ဘဂဝါ အသာဓာရဏာတ်သ အိန်ဒြိယ,
ပရောပရိယတ်တ ဉာဏာတ်သ ပဋိဝေဓာယ
ဥပနိတ်သယဘူတာ ဒသပါရမိယော ပူရေသိန်)

၁၂။ သော ဘဂဝါ အသာဓာရဏာဿ အာသယာ
နုသယဉာဏာဿ ပဋိဝေဓာယ ဥပနိဿယ
ဘူတာ ဒသပါရမိယော ပူရေသိ၊
(သော ဘဂဝါ အသာဓာရဏာတ်သ အာသယာ
နုသယ ဉာဏာတ်သ ပဋိဝေဓာယ ဥပနိတ်
သယဘူတာ ဒသပါရမိယော ပူရေသိန်)

၁၃။ သော ဘဂဝါ အသာဓာရဏာဿ မဟာကရုဏာ
သမာပတ္တိဉာဏာဿ ပဋိဝေဓာယ ဥပနိဿယ
ဘူတာ ဒသပါရမိယော ပူရေသိ၊
(သော ဘဂဝါ အသာဓာရဏာတ်သ မဟာက
ရုဏာ သမာပတ်တိ ဉာဏာတ်သ ပဋိဝေဓာယ
ဥပနိတ်သယဘူတာ ဒသပါရမိယော ပူရေသိန်)

၁၄။ သော ဘဂဝါ အသာဓာရဏာဿ ယမက
ပါဋိဟီရဉာဏာဿ ပဋိဝေဓာယ ဥပနိဿယ
ဘူတာ ဒသပါရမိယော ပူရေသိ၊
(သော ဘဂဝါ အသာဓာရဏာတ်သ ယမက
ပါဋိဟီရ ဉာဏာတ်သ ပဋိဝေဓာယဥပနိတ်သယ
ဘူတာ ဒသပါရမိယော ပူရေသိန်)

၁၅။ သော ဘဂဝါ အသာဓာရဏာဿ အနာဝ
ရဏာဉာဏာဿ ပဋိဝေဓာယ ဥပနိဿယဘူတာ
ဒသပါရမိယော ပူရေသိ၊
(သော ဘဂဝါ အသာဓာရဏာတ်သ အနာဝ
ရဏ ဉာဏာတ်သ ပဋိဝေဓာယ ဥပနိတ်သယ
ဘူတာ ဒသပါရမိယော ပူရေသိန်)

၁၆။ သော ဘဂဝါ အသာဓာရဏာသု
သဗ္ဗညုတဉာဏာသု ပဋိဝေဓာယ
ဥပနိဿယဘူတာ ဒသပါရမိယော ပူရေသိ၊
(သော ဘဂဝါ အသာဓာရဏာတ်သ သတ်ဗင်
ညုတ ဉာဏာတ်သ ပဋိဝေဓာယ ဥပနိတ်သယ
ဘူတာ ဒသပါရမိယော ပူရေသိန်)

❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋

## (၂) သောဠသလေခစေတီတွင် ပါဝင်သော ဂုဏ်တော်-ဉာဏ်တော်များ
## (ပါရမီ-၁၀ပါး+အသာဓာရဏ ဉာဏ်တော် (၆)ပါး)

၁။ ထိုမြတ်စွာဘုရားရှင်သည် စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း ဒါနပါရမီကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၂။ ထိုမြတ်စွာဘုရားရှင်သည် စောင့်ထိမ်းခြင်း သီလပါရမီကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၃။ ထိုမြတ်စွာဘုရားရှင်သည် တောထွက်ခြင်း နေက္ခမ္မပါရမီကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၄။ ထိုမြတ်စွာဘုရားရှင်သည် တတ်သိနားလည်ခြင်း ပညာပါရမီကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၅။ ထိုမြတ်စွာဘုရားရှင်သည် သက်စွန့်ကြိုးပမ်း အားထုတ်ခြင်း ဝီရိယပါရမီကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၆။ ထိုမြတ်စွာဘုရားရှင်သည် သည်းခံခြင်း ခန္တီပါရမီကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၇။ ထိုမြတ်စွာဘုရားရှင်သည် မှန်ကန်စွာ ပြောဆို လုပ်ကိုင်ခြင်း သစ္စာပါရမီကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၈။ ထိုမြတ်စွာဘုရားရှင်သည် စွဲစွဲမြဲမြဲ ဆောက်တည်ခြင်း အဓိဋ္ဌာန်ပါရမီကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၉။ ထိုမြတ်စွာဘုရားရှင်သည် ချစ်ခင်စောင့်ရှောက်ခြင်း မေတ္တာပါရမီကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၁၀။ ထိုမြတ်စွာဘုရားရှင်သည် လျစ်လျူရှုခြင်း ဥပေက္ခာပါရမီကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၁၁။ ထိုမြတ်စွာဘုရားရှင်သည် သူတစ်ပါးတို့နှင့် မဆက်ဆံသော ဣန္ဒြိယပရောပရိယတ္တိဉာဏ်ကို သိခြင်းငှာ အကြောင်းဖြစ်သော ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၁၂။ ထိုမြတ်စွာဘုရားရှင်သည် သူတစ်ပါးတို့နှင့် မဆက်ဆံသော အာသယာနုသယဉာဏ်ကို သိခြင်းငှာ အကြောင်းဖြစ်သော ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၁၃။ ထိုမြတ်စွာဘုရားရှင်သည် သူတစ်ပါးတို့နှင့် မဆက်ဆံသော မဟာကရုဏာသမာပတ္တိဉာဏ်ကို သိခြင်းငှာ အကြောင်းဖြစ်သော ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၁၄။ ထိုမြတ်စွာဘုရားရှင်သည် သူတစ်ပါးတို့နှင့် မဆက်ဆံသော ယမကပါဋိဟာရိယဉာဏ်ကို သိခြင်းငှာ အကြောင်းဖြစ်သော ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၁၅။ ထိုမြတ်စွာဘုရားရှင်သည် သူတစ်ပါးတို့နှင့် မဆက်ဆံသော အနာဝရဏဉာဏ်ကို သိခြင်းငှာ အကြောင်းဖြစ်သော ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၁၆။ ထိုမြတ်စွာဘုရားရှင်သည် သူတစ်ပါးတို့နှင့် မဆက်ဆံသော သဗ္ဗညုတဉာဏ်ကို သိခြင်းငှာ အကြောင်းဖြစ်သော ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်တော်မူခဲ့ပြီ

ပညာဥာဏ်တော် သယ်ဆြောက်ဝါးအားဖြင့်
ပညာ(၁၆)ပါး ပါဝင်သည့်

## (၃) သောင္ဒသ(၁၆ညာ)စေတီတော် တည်နည်း




၅။ သော ဘဂဝါ ပုထုပညာယ သမန္နာဂတော
၄။ သော ဘဂဝါ မဟာပညာယ သမန္နာဂတော
၃။ သော ဘဂဝါ ပညာဝေပုလ္လာယ သမန္နာဂတော
၂။ သော ဘဂဝါ ပညာဝုဒ္ဓိယာ သမန္နာဂတော
၁။ သော ဘဂဝါ ပညာပဋိလာဘာယ သမန္နာဂတော

၁၀။ သော ဘဂဝါ ပညာဗာဟုလ္လာယ သမန္နာဂတော
၉။ သော ဘဂဝါ ဘူရိပညာယ သမန္နာဂတော
၈။ သော ဘဂဝါ အတ္ထာမန္တပညာယ သမန္နာဂတော
၇။ သော ဘဂဝါ ဂမ္ဘီရပညာယ သမန္နာဂတော
၆။ သော ဘဂဝါ ဝိပုလပညာယ သမန္နာဂတော

# ပညာတော် ဆယ့်ခြောက်ပါးအားဖြင့် ပညာ (၁၆) ပါး ပါဝင်သည့် (၃) သောဠသ(ပညာ) ဧစတီတော် တည်နည်း

၁။ သော ဘဂဝါ ပညာပဋိလာဘာယ
သမ္ဘာဂတော၊
(သော ဘဂဝါ ပညာပဋိလာဘာယ
သမန်နာဂတော)

၂။ သော ဘဂဝါ ပညာဗုဒ္ဓိယာ သမ္ဘာဂတော၊
(သော ဘဂဝါ ပညာဗုတ်ဓိယာ
သမန်နာဂတော)

၃။ သော ဘဂဝါ ပညာဝေပုလ္လာယ သမ္ဘာဂတော၊
(သော ဘဂဝါ ပညာဝေပုန်လာယ
သမန်နာဂတော)

၄။ သော ဘဂဝါ မဟာပညာယ သမ္ဘာဂတော၊
(သော ဘဂဝါ မဟာပညာယ
သမန်နာဂတော)

၅။ သော ဘဂဝါ ပုထုပညာယ သမ္ဘာဂတော၊
(သော ဘဂဝါ ပုထုပညာယ သမန်နာဂတော)

၆။ သော ဘဂဝါ ဝိပုလပညာယ သမ္ဘာဂတော၊
(သော ဘဂဝါ ဝိပုလပညာယ သမန်နာဂတော)

၇။ သော ဘဂဝါ ဂမ္ဘီရပညာယ သမ္ဘာဂတော၊
(သော ဘဂဝါ ဂန်ဘီရပညာယ သမန်နာဂတော)

၈။ သော ဘဂဝါ အသာမန္တပညာယ
သမ္ဘာဂတော၊
(သော ဘဂဝါ အသာမန်တပညာယ
သမန်နာဂတော)

၉။ သော ဘဂဝါ ဘူရိပညာယ သမ္ဘာဂတော၊
(သော ဘဂဝါ ဘူရိပညာယ သမန်နာဂတော)

၁၀။ သော ဘဂဝါ ပညာဗာဟုလ္လာယ သမန္နာဂတော၊
(သော ဘဂဝါ ပညာဗာဟုန်လာယ
သမန်နာဂတော)
၁၁။ သော ဘဂဝါ သီဃပညာယ သမန္နာဂတော၊
(သော ဘဂဝါ သီဃ,ပညာယ သမန်နာဂတော)
၁၂။ သော ဘဂဝါ လဟုပညာယ သမန္နာဂတော၊
(သော ဘဂဝါ လဟုပညာယ သမန်နာဂတော)
၁၃။ သော ဘဂဝါ ဟာသပညာယ သမန္နာဂတော၊
(သော ဘဂဝါ ဟာသပညာယ သမန်နာဂတော)
၁၄။ သော ဘဂဝါ ဇဝနပညာယ သမန္နာဂတော၊
(သော ဘဂဝါ ဇဝနပညာယ သမန်နာဂတော)
၁၅။ သော ဘဂဝါ တိက္ခပညာယ သမန္နာဂတော၊
(သော ဘဂဝါ တိတ်ခပညာယ သမန်နာဂတော)
၁၆။ သော ဘဂဝါ နိဗ္ဗေဓိကပညာယ သမန္နာဂတော၊
(သော ဘဂဝါ နိတ်ဗေဓိက,ပညာယ
သမန်နာဂတော)

✻ ✻ ✻ ✻ ✻ ✻ ✻ ✻ ✻

## (၃) သောဠသ ပညာ စေတီတွင် ပါဝင်သော ဂုဏ်တော်-ဉာဏ်တော်များ (ပညာ-၁၆-ပါး)

၁။ ထိုမြတ်စွာဘုရားရှင်သည် ပညာရခြင်း ပညာပဋိလာဘနှင့် ပြည့်စုံတော်မူပါပေ၏
၂။ ထိုမြတ်စွာဘုရားရှင်သည် ပညာပွားခြင်း ပညာဗုဒ္ဓိနှင့် ပြည့်စုံတော်မူပါပေ၏
၃။ ထိုမြတ်စွာဘုရားရှင်သည် ပညာပြန့်ပြောခြင်း ပညာ ဝေပုလ္လနှင့် ပြည့်စုံတော်မူပါပေ၏
၄။ ထိုမြတ်စွာဘုရားရှင်သည် မြတ်သော မဟာပညာနှင့် ပြည့်စုံတော်မူပါပေ၏

၅။ ထိုမြတ်စွာဘုရားရှင်သည် အထူးအထူး သိသော ပုထုပညာနှင့် ပြည့်စုံတော်မူပါပေ၏

၆။ ထိုမြတ်စွာဘုရားရှင်သည် ပြန့်ပြောသော ဝိပုလ ပညာနှင့် ပြည့်စုံတော်မူပါပေ၏

၇။ ထိုမြတ်စွာဘုရားရှင်သည် နက်နဲသော ဂမ္ဘီရ ပညာနှင့် ပြည့်စုံတော်မူပါပေ၏

၈။ ထိုမြတ်စွာဘုရားရှင်သည် အောက်ပညာတို့ နှင့် မနီးသော အသာမန္တပညာနှင့် ပြည့်စုံ တော်မူပါပေ၏

၉။ ထိုမြတ်စွာဘုရားရှင်သည် မြေကြီးကဲ့သို့ ကျယ် ပြန့်သော ဘူရိပညာနှင့် ပြည့်စုံတော် မူပါပေ၏

၁၀။ ထိုမြတ် စွာဘုရားရှင်သည် ပညာများသူဖြစ် ခြင်း ပညာ ဗာဟုလ္လနှင့် ပြည့်စုံတော်မူပါပေ၏

၁၁။ ထိုမြတ်စွာဘုရားရှင်သည် မြန်သော သီဃ ပညာနှင့် ပြည့်စုံတော်မူပါပေ၏

၁၂။ ထိုမြတ်စွာဘုရားရှင်သည် ပေါ့ပါးသော လဟု ပညာနှင့် ပြည့်စုံတော်မူပါပေ၏

၁၃။ ထိုမြတ်စွာဘုရားရှင်သည် ရွှင်လန်းသော ဟာသ ပညာနှင့် ပြည့်စုံတော်မူပါပေ၏

၁၄။ ထိုမြတ်စွာဘုရားရှင်သည် လျှင်သော ဇဝန ပညာနှင့် ပြည့်စုံတော်မူပါပေ၏

၁၅။ ထိုမြတ်စွာဘုရားရှင်သည် ထက်မြက်သော တိက္ခ ပညာနှင့် ပြည့်စုံတော်မူပါပေ၏

၁၆။ ထိုမြတ်စွာဘုရားရှင်သည် ကိလေသာကို ဖေါက်ခွဲနိုင်သော နိဗ္ဗေဓိကပညာနှင့် ပြည့်စုံ တော်မူပါပေ၏

❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋

ဝိပဿနာဉာဏ်စဉ် အဆင့်ကျောက်ပါးအားဖြင့်
ဉာဏ်စဉ် (၁၆)ထပ် ပါဝင်သည့်

## (၄) သောဠသ(ဉာဏ)စေတီတော် တည်နည်း




၅။ သော ဘဂဝါ ဘင်္ဂဉာဏေန သမန္နာဂတော
၄။ သော ဘဂဝါ ဥဒယဗ္ဗယဉာဏေန သမန္နာဂတော
၃။ သော ဘဂဝါ သမ္မသနဉာဏေန သမန္နာဂတော
၂။ သော ဘဂဝါ ပစ္စယပရိဂ္ဂဟဉာဏေန သမန္နာဂတော
၁။ သော ဘဂဝါ နာမရူပပရိစ္ဆေဒဉာဏေန သမန္နာဂတော

၁၀။ သော ဘဂဝါ ပဋိသင်္ခါဉာဏေန သမန္နာဂတော
၉။ သော ဘဂဝါ မုဉ္စိတုကမျတာဉာဏေန သမန္နာဂတော
၈။ သော ဘဂဝါ နိဗ္ဗိဒါဉာဏေန သမန္နာဂတော
၇။ သော ဘဂဝါ အာဒီနဝဉာဏေန သမန္နာဂတော
၆။ သော ဘဂဝါ ဘယဉာဏေန သမန္နာဂတော

# ဝိပဿနာဉာဏ်တော် ဆယ့်ခြောက်ပါးအားဖြင့် ဉာဏ်စဉ် (၁၆)ပါး ပါဝင်သည့် (၄) သောဠသ(ဉာဏ) စေတီတော် တည်နည်း

၁။ သော ဘဂဝါ နာမရူပ ပရိစ္ဆေဒ ဉာဏေန
သမန္နာဂတော၊
(သော ဘဂဝါ နာမရူပ ပရိတ်ဆေဒ
ဉာဏေန သမန်နာဂတော)

၂။ သော ဘဂဝါ ပစ္စယပရိဂ္ဂဟ ဉာဏေန
သမန္နာဂတော၊
(သော ဘဂဝါ ပစ်စယပရိတ်ဂဟ
ဉာဏေန သမန်နာဂတော)

၃။ သော ဘဂဝါ သမ္မသန ဉာဏေန
သမန္နာဂတော၊
(သော ဘဂဝါ သမ်မသန ဉာဏေန
သမန်နာဂတော)

၄။ သော ဘဂဝါ ဥဒယဗ္ဗယ ဉာဏေန
သမန္နာဂတော၊
(သော ဘဂဝါ ဥဒယတ်ဗယ ဉာဏေန
သမန်နာဂတော)

၅။ သော ဘဂဝါ ဘင်္ဂဉာဏေန သမန္နာဂတော၊
(သော ဘဂဝါ ဘင်ဂ ဉာဏေန သမန်နာဂတော)

၆။ သော ဘဂဝါ ဘယဉာဏေန သမန္နာဂတော၊
(သော ဘဂဝါ ဘယ ဉာဏေန သမန်နာဂတော)

၇။ သောဘဂဝါ အာဒီနဝဉာဏေန
သမန္နာဂတော၊
(သော ဘဂဝါ အာဒီနဝ ဉာဏေန
သမန်နာဂတော)

၈။ သော ဘဂဝါ နိဗ္ဗိဒါဉာဏေန သမန္နာဂတော၊
(သော ဘဂဝါ နိတ်ဗိဒါ ဉာဏေန
သမန်နာဂတော)

၉။ သော ဘဂဝါ မုဥ္စိတုကမျတာ ဉာဏေန
သမန္နာဂတော၊
(သော ဘဂဝါ မုန်စိတု,ကမျတာ ဉာဏေန
သမန်နာဂတော)

၁၀။ သော ဘဂဝါ ပဋိသင်္ခါဉာဏေန သမန္နာဂတော၊
(သော ဘဂဝါ ပဋိသင်ခါ ဉာဏေန
သမန်နာဂတော)

၁၁။ သော ဘဂဝါ သင်္ခါရုပေက္ခာ ဉာဏေန
သမန္နာဂတော၊
(သော ဘဂဝါ သင်ခါရုပစ်ခါ ဉာဏေန
သမန်နာဂတော)

၁၂။ သော ဘဂဝါ အနုလောမ ဉာဏေန
သမန္နာဂတော၊
(သော ဘဂဝါ အနုလောမ ဉာဏေန
သမန်နာဂတော)

၁၃။ သော ဘဂဝါ ဂေါတြဘု ဉာဏေန
သမန္နာဂတော၊
(သော ဘဂဝါ ဂွတ်တရဘု ဉာဏေန
သမန်နာဂတော)

၁၄။ သော ဘဂဝါ မဂ္ဂဉာဏေန သမန္နာဂတော၊
(သော ဘဂဝါ မဂ်ဂ ဉာဏေန သမန်နာဂတော)

၁၅။ သော ဘဂဝါ ဖလဉာဏေန သမန္နာဂတော၊
(သော ဘဂဝါ ဖလ ဉာဏေန သမန်နာဂတော)

၁၆။ သော ဘဂဝါ ပစ္စဝေက္ခဏာဉာဏေန
သမန္နာဂတော။
(သော ဘဂဝါ ပစ်စဝတ်ခဏာ ဉာဏေန
သမန်နာဂတော)

## (၄) သောဠသ ဉာဏ စေတီတွင် ပါဝင်သော ဂုဏ်တော် ဉာဏ်တော်များ (ဝိပဿနာဉာဏ်စဉ်–၁၆ပါး)

၁။ ထိုမြတ်စွာဘုရားရှင်သည် နာမ်ရုပ်တို့ကို ပိုင်းခြား၍သိသော **နာမရူပပရိစ္ဆေဒဉာဏ်**နှင့် ပြည့်စုံတော်မူပါပေ၏။

၂။ ထိုမြတ်စွာဘုရားရှင်သည် နာမ်ရုပ်တို့၏ အကြောင်းကို ပိုင်းခြား၍သိသော **ပစ္စယပရိဂ္ဂဟဉာဏ်**နှင့် ပြည့်စုံ တော်မူပါပေ၏။

၃။ ထိုမြတ်စွာဘုရားရှင်သည် နာမ်ရုပ်တို့ကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့် သုံးသပ်ဆင်ခြင်၍ သိမြင်သော **သမ္မသနဉာဏ်**နှင့် ပြည့်စုံတော်မူပါပေ၏

၄။ ထိုမြတ်စွာဘုရားရှင်သည် နာမ်ရုပ်တို့၏ အသစ်အသစ် ဖြစ်ပေါ်လာခြင်း တခဏချင်း ပျက်စီးသွားခြင်းကို သိမြင်သော **ဥဒယဗ္ဗယဉာဏ်**နှင့် ပြည့်စုံတော်မူပါပေ၏။

၅။ ထိုမြတ်စွာဘုရားရှင်သည် နာမ်ရုပ်တို့၏ ပျက်စီးခြင်းကိုသာ ရှုမှတ်ထင်ထင်သိမြင်သော **ဘင်္ဂဉာဏ်**နှင့် ပြည့်စုံတော်မူပါပေ၏။

၆။ ထိုမြတ်စွာဘုရားရှင်သည် နာမ်ရုပ်တို့၏ ပျက်စီးခြင်းကို သိမြင်ရသဖြင့် ကြောက်လန့်ဘွယ် ဘေးကြီး အဖြစ် ထင်မြင်သော **ဘယဉာဏ်**နှင့် ပြည့်စုံတော်မူပါပေ၏။

၇။ ထိုမြတ်စွာဘုရားရှင်သည် နာမ်ရုပ်တို့၌ ကိုးကွယ်ရာမထင် အပြစ်မြင်သော **အာဒီနဝဉာဏ်**နှင့် ပြည့်စုံတော်မူပါပေ၏။

၈။ ထိုမြတ်စွာဘုရားရှင်သည် နာမ်ရုပ်တို့၏ မပျော် မမွေ့ ငြီးငွေ့သော **နိဗ္ဗိဒါဉာဏ်**နှင့် ပြည့်စုံတော်မူပါပေ၏။

၉။ ထိုမြတ်စွာဘုရားရှင်သည် နာမ်ရုပ်တို့မှ လွတ်ကင်းထွက်မြောက်လိုသော **မုဉ္စိတုကမျတာဉာဏ်**နှင့် ပြည့်စုံတော်မူပါပေ၏။

၁၀။ ထိုမြတ်စွာဘုရားရှင်သည် နာမ်ရုပ်တို့၏ အနိစ္စစသော လေးဆယ်သော အချင်းအရာဖြင့် အားထုတ်၍ အနိစ္စ ဒုက္ခ အနတ္တ အနေအားဖြင့် ထင်မြင်သော **ပဋိသင်္ခါဉာဏ်**နှင့် ပြည့်စုံတော်မူပါပေ၏။

၁၁။ ထိုမြတ်စွာဘုရားရှင်သည် နာမ်ရုပ်သင်္ခါရတို့၏ ကြောက်လန့်မှု နှစ်သက်မှုကို စွန့်ပယ်၍ သိရုံသိရုံသာ အညီအမျှရှုသော **သင်္ခါရုပေက္ခာဉာဏ်**နှင့် ပြည့်စုံတော်မူပါပေ၏။

၁၂။ ထိုမြတ်စွာဘုရားရှင်သည် ဥဒယဗ္ဗယဉာဏ်စသော ရှေ့ဉာဏ်(၈)ပါးနှင့် နောက်မဂ္ဂသစ္စာအားလျော်သော **အနုလောမဉာဏ်**နှင့် ပြည့်စုံတော်မူပါပေ၏။

၁၃။ ထိုမြတ်စွာဘုရားရှင်သည် ပုထုဇဉ်အနွယ်ကို ဖြတ်၍ အရိယာအနွယ်တော်သို့ရောက်စေလျက် နိဗ္ဗာန်ကို အာရုံပြု၍ မဂ်၏ ရှေ့တကြိမ်သာဖြစ်သော **ဂေါတြဘုဉာဏ်**နှင့် ပြည့်စုံတော်မူပါပေ၏။

၁၄။ ထိုမြတ်စွာဘုရားရှင်သည် နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် သစ္စာလေးပါးကို တပြိုင်နက်သိသော **မဂ်ဉာဏ်**နှင့် ပြည့်စုံ တော်မူပါပေ၏။

၁၅။ ထိုမြတ်စွာဘုရားရှင်သည် နိဗ္ဗာန်ကို အာရုံပြုလျက် ကိလေသာအပူတို့ကို ငြိမ်းအေးစေသော **ဖိုလ်ဉာဏ်**နှင့် ပြည့်စုံတော် မူပါပေ၏။

၁၆။ ထိုမြတ်စွာဘုရားရှင်သည် မဂ်ဖိုလ်နိဗ္ဗာန်နှင့် ပယ်ပြီးကိလေသာ မပယ်ရသေး ကိလေသာ အားဖြင့် ဤငါးပါးတို့ကို ပြန်လှန် ၍ ဆင်ခြင်သော **ပစ္စဝေက္ခဏာဉာဏ်**နှင့် ပြည့်စုံတော် မူပါပေ၏။

❊ ❊ ❊ ❊ ❊ ❊ ❊ ❊ ❊

အဝရက္ခဏိယဓာရုံး အသုံးပြုထားပါးဆောင်ရွက်
အဝရက္ခဏိယရေး (၁၆)ပါး ပါဝင်သည့်

## (၅) သောင္ဒသ(ဓမ္မ)စေတီတော် တည်နည်း




၅။ သော ဘဂဝါ ဒဿနသမာပတ္တိသု အနုတ္တရော
၄။ သော ဘဂဝါ အာဒေသနဝိဓာသု အနုတ္တရော
၃။ သော ဘဂဝါ ဣဒ္ဓိဝိဓာသု အနုတ္တရော
၂။ သော ဘဂဝါ အာယတနပဏ္ဏတ္တီသု အနုတ္တရော
၁။ သော ဘဂဝါ ကုသလပညတ္တီသု အနုတ္တရော

၁၀။ သော ဘဂဝါ ပုရိသသီလသမာစာရေ အနုတ္တရော
၉။ သော ဘဂဝါ ဘဿသမာစာရေ အနုတ္တရော
၈။ သော ဘဂဝါ ပဋိပဒါသု အနုတ္တရော
၇။ သော ဘဂဝါ ပဓာနေသု အနုတ္တရော
၆။ သော ဘဂဝါ ပုဂ္ဂလပဏ္ဏတ္တီသု အနုတ္တရော

## အပရမ္ပရိယ တရားဆယ့်ခြောက်ပါးအားဖြင့် အပရမ္ပရိယခမ္မ (၁၆)ပါး ပါဝင်သည့် (၅) သောဠသ(ခမ္မ) စေတီတော် တည်နည်း

၁။ သော ဘဂဝါ ကုသလပညတ္တိယံ အနုတ္တရော၊
(သော ဘဂဝါ ကုသလပင်ညတ်တိယံ
အနုတ်တရော)

၂။ သော ဘဂဝါ အာယတနပဏ္ဏတ္တီသု
အနုတ္တရော၊
(သော ဘဂဝါအာယတနပန်ဏတ်တီသု
အနုတ်တရော)

၃။ သော ဘဂဝါ ဂဗ္ဘာဝက္ကန္တီသု အနုတ္တရော၊
(သော ဘဂဝါ ဂတ်ဘာ ဝက်ကန်တီသု
အနုတ်တရော)

၄။ သော ဘဂဝါ အာဒေသနဝိဓာသု အနုတ္တရော၊
(သော ဘဂဝါ အာဒေသနဝိဓာသု
အနုတ်တရော)

၅။ သော ဘဂဝါ ဒဿနသမာပတ္တီသု
အနုတ္တရော၊
(သော ဘဂဝါ ဒတ်သန သမာပတ်တီသု
အနုတ်တရော)

၆။ သော ဘဂဝါ ပုဂ္ဂလပဏ္ဏတ္တီသု အနုတ္တရော၊
(သော ဘဂဝါ ပုတ်ဂလ ပန်ဏတ်တီသု
အနုတ်တရော)

၇။ သော ဘဂဝါ ပဓာနေသု အနုတ္တရော၊
(သော ဘဂဝါ ပဓာနေသုအနုတ်တရော)

၈။ သော ဘဂဝါ ပဋိပဒါသု အနုတ္တရော၊
(သော ဘဂဝါ ပဋိပဒါသု အနုတ်တရော)

၉။ သော ဘဂဝါ ဘာဿသမာစာရေ အနုတ္တရော၊
(သော ဘဂဝါ ဘတ်သ သမာစာရေ
အနုတ်တရော)
၁၀။ သော ဘဂဝါ ပုရိသ သီလသမာစာရေ
အနုတ္တရော၊
(သော ဘဂဝါ ပုရိသသီလ သမာစာရေ
အနုတ်တရော)
၁၁။ သော ဘဂဝါ အနုသာသနဝိဓာသု အနုတ္တရော၊
(သော ဘဂဝါ အနုသာသန ဝိဓာသု
အနုတ်တရော)
၁၂။ သော ဘဂဝါပရပုဂ္ဂလဝိမုတ္တိဉာဏေ
အနုတ္တရော၊
(သော ဘဂဝါ ပရပုတ်ဂလ ဝိမုတ်တိ
ဉာဏေ အနုတ်တရော)
၁၃။ သော ဘဂဝါ သဿတဝါဒေသု အနုတ္တရော၊
(သော ဘဂဝါ သတ်သတ ဝါဒေသု
အနုတ်တရော)
၁၄။ သော ဘဂဝါ ပုဗ္ဗေနိဝါသာနုဿတိဉာဏေ
အနုတ္တရော၊
(သော ဘဂဝါပုတ်ပေနိဝါသာနုတ်သတိ
ဉာဏေ အနုတ်တရော)
၁၅။ သော ဘဂဝါ သတ္တာနံစုတူပပါတ ဉာဏေ
အနုတ္တရော၊
(သော ဘဂဝါ သတ်တာနံ စုတူပပါတ
ဉာဏေ အနုတ်တရော)
၁၆။ သော ဘဂဝါ ဣဒ္ဓိဝိဓာသု အနုတ္တရော၊
(သော ဘဂဝါ အိတ်ဒိဝိဓာသု အနုတ်တရော)

✻ ✻ ✻ ✻ ✻ ✻ ✻ ✻ ✻

## (၅) သောဠသမွှစေတီ–လာ အပရမ္ဗပရိယတရား (၁၆)ပါး

၁။ ထိုမြတ်စွာဘုရားရှင်သည် ဗောဓိပက္ခိယတရား (၃၇)ပါး ဟုဆိုအပ်သော ကုသိုလ်တရားတို့ကို ဟောကြားသိစေခြင်း၌ အမြတ်ဆုံးဖြစ်၏။

၂။ ထိုမြတ်စွာဘုရားရှင်သည် အတွင်းအပ အာယတန (၁၂)ပါးတို့ကို ဟောကြားခြင်း၌ အမြတ်ဆုံးဖြစ်၏။

၃။ ထိုမြတ်စွာဘုရားရှင်သည် အမိဝမ်းတိုက်ဝယ် ပဋိသန္ဓေနေခြင်း (၄)မျိုးတို့ကို ဟောကြားရာ၌ အမြတ်ဆုံးဖြစ်၏။

၄။ ထိုမြတ်စွာဘုရားရှင်သည် သူတပါးတို့၏ စိတ်ကို ထုတ်ဖော်ပြောဆိုညွှန်းခြင်း (၄)မျိုး တို့ကို ဟောကြားရာ၌ အမြတ်ဆုံးဖြစ်၏။

၅။ ထိုမြတ်စွာဘုရားရှင်သည် ဆံပင်စသော (၃၂) ပါး အဖို့အစုများကို ကြည့်ရှုဆင်ခြင် ဉာဏ်ဖြင့် သိမြင်ရာ၌ ဉာဏ်အမြင် သိမြင်ပုံ (၄)မျိုးတို့ကို ဟောကြားရာ၌ အမြတ်ဆုံး ဖြစ်၏။

၆။ ထိုမြတ်စွာဘုရားရှင်သည် ဥဘတောဘာဂ ဝိမုတ္တ စသော ပုဂ္ဂိုလ်(၇)မျိုးတို့ကို ဟောကြား ရာ၌ အမြတ်ဆုံးဖြစ်၏။

၇။ ထိုမြတ်စွာဘုရားရှင်သည် ပြဓာန်းသော ဗောဇ္ဈင်(၇)ပါး တရားတို့ကိုဟောကြားရာ ၌ အမြတ်ဆုံးဖြစ်၏။

၈။ ထိုမြတ်စွာဘုရားရှင်သည် ဒုက္ခပဋိပဒါ ဒန္ဓာဘိညာစသော အကျင့်ပဋိပဒါ(၄)မျိုးတို့ကို ဟောကြားရာ၌ အမြတ်ဆုံးဖြစ်၏။

၉။ ထိုမြတ်စွာဘုရားရှင်သည် မုသာဝါဒ စသော အကျိုးမဲ့စကားတို့ကို ရှောင်ရှား၍ အကျိုးရှိ စကားကိုပြောဆိုသော ကောင်းသောနှုတ် အကျင့်၌ အမြတ်ဆုံးဖြစ်၏။

၁၀။ ထိုမြတ်စွာဘုရားရှင်သည် သစ္စာစကား သဒ္ဓါ တရားစသော လူတို့၏ သီလအကျင့် (၂၂)မျိုး တို့ကို ဟောကြားရာ၌ အမြတ်ဆုံးဖြစ်၏။

၁၁။ ထိုမြတ်စွာဘုရားရှင်သည် အရိယာပုဂ္ဂိုလ် (၄)မျိုးဖြစ်အောင် ဆုံးမနည်း(၄)မျိုးတို့ကို ဟောကြားရာ၌ အမြတ်ဆုံးဖြစ်၏။

၁၂။ ထိုမြတ်စွာဘုရားရှင်သည် တပါးသော (အရိယာ)ပုဂ္ဂိုလ်တို့၏ မဂ်ဖြင့် ကိလေသာတို့မှ လွတ်မြောက်ခြင်းကိုသိသော ဉာဏ်ကို ဟော ကြားရာ၌ အမြတ်ဆုံးဖြစ်၏။

၁၃။ ထိုမြတ်စွာဘုရားရှင်သည် သဿတအယူဝါဒ (၃)မျိုးတို့ကို ဟောကြားရာ၌ အမြတ်ဆုံးဖြစ်၏။

၁၄။ ထိုမြတ်စွာဘုရားရှင်သည် ရှေး၌နေခဲ့ဘူးသော ဘုံဘဝခန္ဓာတို့ကို အောက်မေ့ အမှတ် ရနိုင် သော ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ကို ဟော ကြားရာ၌ အမြတ်ဆုံးဖြစ်၏။

၁၅။ ထိုမြတ်စွာဘုရားရှင်သည် သတ္တဝါတို့၏ သေခြင်း ပဋိသန္ဓေတည်နေခြင်းကို သိမြင် သော စုတူပပါတဉာဏ် (ဒိဗ္ဗစက္ခုဉာဏ်)ကို ဟောကြားရာ၌ အမြတ်ဆုံးဖြစ်၏။

၁၆။ ထိုမြတ်စွာဘုရားရှင်သည် တန်ခိုးအစီအရင် (ဣဒ္ဓိဝိဓဉာဏ်) (၂)မျိုးတို့ကို ဟောကြားရာ၌ အမြတ်ဆုံးဖြစ်၏။

※ ※ ※ ※ ※ ※ ※ ※ ※

အာနန္ဒာသဟဲ တမ်းသည့်ကျောက်ပြင်အရ
သတ်(၁၆)ထပ် ပါဝင်သည့်

## (၆) သောင္ဂသ(သစီ)စေတီတော် တည်နည်း



## အာနာပါနဿတိ ဆယ့်ခြောက်ပါးအားဖြင့် သတိ (၁၆)ပါး ပါဝင်သည့်

## (၆) သောဠသ (သတိ) စေတီတော် တည်နည်း

၁။ သော ဘဂဝါ ဒီဃ, အဿာသပဿာသ
သတိယာ ဝိဟရတိ။
(သော ဘဂဝါ ဒီဃ, အတ်သာသ,ပတ်သာသ
သတိယာ ဝိဟရတိ)

၂။ သော ဘဂဝါ ရဿ, အဿာသပဿာသ
သတိယာ ဝိဟရတိ။
(သော ဘဂဝါ ရတ်သ,အတ်သာသ,
ပတ်သာသ သတိယာ ဝိဟရတိ)

၃။ သော ဘဂဝါ သဗ္ဗကာယ,ပ္ပဋိသံဝေဒီ,
အဿာသပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ သတ်ဗကာယ,ပဋိသံဝေဒီ
အတ်သာသ,ပတ်သာသ သတိယာ ဝိဟရတိ)

၄။ သော ဘဂဝါ ပဿမ္ဘယ ကာယသင်္ခါရ,
အဿာသပဿာသ သတိယာဝိဟရတိ။
(သော ဘဂဝါ ပတ်သမ်ဘယ ကာယသင်ခါရ
အတ်သာသ,ပတ်သာသ သတိယာ ဝိဟရတိ)

၅။ သော ဘဂဝါ ပီတိ ပဋိသံဝေဒီ, အဿာသ
ပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ ပီတိပဋိသံဝေဒီ, အတ်သာသ,
ပတ်သာသ သတိယာ ဝိဟရတိ)

၆။ သော ဘဂဝါ သုခ ပဋိသံဝေဒီ, အဿာသ
ပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ သုခပဋိသံဝေဒီ, အတ်သာသ,
ပတ်သာသ သတိယာ ဝိဟရတိ)

၇။ သော ဘဂဝါ စိတ္တသင်္ခါရ ပဋိသံဝေဒီ,
အဿာသပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ စိတ်တသင်ခါရ ပဋိသံဝေဒီ,
အတ်သာသ,ပတ်သာသ သတိယာ ဝိဟရတိ)

၈။ သော ဘဂဝါ ပဿမ္ဘယ စိတ္တသင်္ခါရ,
အဿာသပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ ပတ်သမ်ဘယ စိတ်တ, သင်ခါရ,
အတ်သာသ,ပတ်သာသ သတိယာ ဝိဟရတိ)

၉။ သော ဘဂဝါ စိတ္တ ပဋိသံဝေဒီ, အဿာသ
ပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ စိတ်တ,ပဋိသံဝေဒီ, အတ်သာသ,
ပတ်သာသ သတိယာ ဝိဟရတိ)

၁၀။ သော ဘဂဝါ အဘိပ္ပမောဒယစိတ္တ, အဿာသ
ပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ အဘိတ်ပမောဒယ စိတ်တ,
အတ်သာသပတ်သာသ သတိယာ ဝိဟရတိ)

၁၁။ သော ဘဂဝါ သမာဒဟ စိတ္တ, အဿာသ
ပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ သမာဒဟ စိတ်တ, အတ်သာသ,
ပတ်သာသ သတိယာ ဝိဟရတိ)

၁၂။ သော ဘဂဝါ ဝိမောစယ စိတ္တ, အဿာသ
ပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ ဝိမောစယ စိတ်တ, အတ်သာသ,
ပတ်သာသ သတိယာ ဝိဟရတိ)

၁၃။ သော ဘဂဝါ အနိစ္စာနုပဿိ, အဿာသ
ပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ အနိတ်စာနုပတ်သိ, အတ်သာသ,
ပတ်သာသ သတိယာ ဝိဟရတိ)

၁၄။ သော ဘဂဝါ ဝိရာဂါနုပဿိ, အဿာသ ပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ ဝိရာဂါနုပတ်သိ, အတ်သာသ, ပတ်သာသ သတိယာ ဝိဟရတိ)

၁၅။ သော ဘဂဝါ နိရောဓာနုပဿိ, အဿာသ ပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ နိရောဓာနုပတ်သိ, အတ်သာသ, ပတ်သာသ သတိယာ ဝိဟရတိ)

၁၆။ သော ဘဂဝါ ပဋိနိဿဂ္ဂါနုပဿိ, အဿာသ ပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ ပဋိနိတ်သက်ဂါနုပတ်သိ, အတ်သာသ,ပတ်သာသ သတိယာ ဝိဟရတိ)

⁂ ⁂ ⁂ ⁂ ⁂ ⁂ ⁂ ⁂ ⁂

## (၆) သောဠသ သတိ စေတီတွင် ပါဝင်သော ဂုဏ်တော် ဉာဏ်တော်များ (အာနာပါနသတိ–၁၆ပါး)

၁။ ထိုမြတ်စွာဘုရားရှင်သည် ရှည်ရှည်ရှူလျှင်လည်း ရှည်ရှည်ရှူသည်ဟု ရှည်ရှည်ရှိုက်လျှင်လည်း ရှည်ရှည်ရှိုက်သည်ဟု သိသော သတိဖြင့် နေတော်မူပါပေ၏။

၂။ ထိုမြတ်စွာဘုရားရှင်သည် တိုတိုရှူလျှင်လည်း တိုတိုရှူသည်ဟု တိုတိုရှိုက်လျှင်လည်း တိုတိုရှိုက်သည်ဟု သိသော သတိဖြင့် နေတော်မူပါပေ၏။

၃။ ထိုမြတ်စွာဘုရားရှင်သည် ဝင်လေရှုပ်အပေါင်း၏ အစ အလယ် အဆုံး အကုန်လုံးကို ထင်ရှား သိလျက် ဝင်လေကို ရှူပြီး ထွက်လေရှုပ် အပေါင်း ၏ အစ အလည် အဆုံး အကုန်လုံးကို ထင်ရှား

သိလျက် ထွက်လေကို ရှိုက်သည်ကို သိသော သတိနှင့် နေတော်မူပါပေ၏။

၄။ ထိုမြတ်စွာဘုရားရှင်သည် အရှုပြင်း၍ ရှန့်ရင်းသော ဝင်လေကို ငြိမ်းအေးစေလျက် ဝင်လေကို ရှူပြီး အရှိုက်ပြင်း၍ ရှန့်ရင်းသော ထွက်လေကို ငြိမ်းအေးစေလျက် ထွက်လေကို ရှိုက်သည်ကို သိသော သတိနှင့် နေတော်မူပါပေ၏။

၅။ ထိုမြတ်စွာဘုရားရှင်သည် နှစ်သက်ခြင်း ပီတိကို ပညာဖြင့်ဆင်ခြင်လျက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါပေ၏။

၆။ ထိုမြတ်စွာဘုရားရှင်သည် ချမ်းသာခြင်းသုခကို ပညာဖြင့် ဆင်ခြင်လျက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါပေ၏။

၇။ ထိုမြတ်စွာဘုရားရှင်သည် စိတ္တသင်္ခါရကို ပညာဖြင့် ဆင်ခြင်လျှက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါပေ၏။

၈။ ထိုမြတ်စွာဘုရားရှင်သည် ရုပ်ရင်းသော စိတ္တသင်္ခါရကို ငြိမ်းအေးစေလျက် ပညာဖြင့် ဆင်ခြင်လျှက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါပေ၏။

၉။ ထိုမြတ်စွာဘုရားရှင်သည် စိတ်ကို ပညာဖြင့် ဆင်ခြင်လျှက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါပေ၏။

၁၀။ ထိုမြတ်စွာဘုရားရှင်သည် စိတ်ကို အလွန်ဝမ်းမြောက်စေလျက် ပညာဖြင့် ဆင်ခြင်လျှက်

ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါပေ၏။

၁၁။ ထိုမြတ်စွာဘုရားရှင်သည် စိတ်ကို အာရုံ၌ ကောင်းစွာထားလျက် ပညာဖြင့် ဆင်ခြင်လျှက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါပေ၏။

၁၂။ ထိုမြတ်စွာဘုရားရှင်သည် စိတ်ကို ကိလေသာမှ လွတ်မြောက်စေလျက် ပညာဖြင့် ဆင်ခြင်လျှက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါပေ၏။

၁၃။ ထိုမြတ်စွာဘုရားရှင်သည် အနိစ္စ မမြဲဟု အဖန်ဖန် ရှုလျက် ပညာဖြင့် ဆင်ခြင်လျှက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါပေ၏။

၁၄။ ထိုမြတ်စွာဘုရားရှင်သည် ရာဂကင်းရာ နိဗ္ဗာန်ကို အဖန်ဖန်ရှုလျက် ပညာဖြင့် ဆင်ခြင်လျှက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါပေ၏။

၁၅။ ထိုမြတ်စွာဘုရားရှင်သည် ရာဂချုပ်ရာ နိဗ္ဗာန်ကို အဖန်ဖန်ရှုလျက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါပေ၏။

၁၆။ ထိုမြတ်စွာဘုရားရှင်သည် ကိလေသာကို စွန့်ရာ နိဗ္ဗာန်နှင့် စွန့်တတ်သော မဂ်ကို အဖန်ဖန် ရှုလျက် ပညာဖြင့် ဆင်ခြင်လျှက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါပေ၏။

သစ္စာအနက်(၁၆)ချက်အားဖြင့်
သစ္စာအနက်(၁၆)ပါး ပါဝင်သည့်

## (၇) သောဠသ(သစ္စာ)စေတီတော် တည်နည်း




၅။ သောဘဂဝါ သမုဒယသစ္စာအာယူဟနဋ္ဌဉာဏေန သမ္ဗုဒ္ဓေါ။
၄။ သောဘဂဝါ ဒုက္ခသစ္စာဝိပရိဏာမဋ္ဌဉာဏေန သမ္ဗုဒ္ဓေါ။
၃။ သောဘဂဝါ ဒုက္ခသစ္စာသန္တာပဋ္ဌဉာဏေန သမ္ဗုဒ္ဓေါ။
၂။ သောဘဂဝါ ဒုက္ခသစ္စာသင်္ခတဋ္ဌဉာဏေန သမ္ဗုဒ္ဓေါ။
၁။ သောဘဂဝါ ဒုက္ခသစ္စာပီဠနဋ္ဌဉာဏေန သမ္ဗုဒ္ဓေါ။

၁၀။ သောဘဂဝါ နိရောဓသစ္စာဝိဝေကဋ္ဌဉာဏေန သမ္ဗုဒ္ဓေါ။
၉။ သောဘဂဝါ နိရောဓသစ္စာနိဿရဏဋ္ဌဉာဏေန သမ္ဗုဒ္ဓေါ။
၈။ သောဘဂဝါ သမုဒယသစ္စာပလိဗောဓဋ္ဌဉာဏေန သမ္ဗုဒ္ဓေါ။
၇။ သောဘဂဝါ သမုဒယသစ္စာသံယောဂဋ္ဌဉာဏေန သမ္ဗုဒ္ဓေါ။
၆။ သောဘဂဝါ သမုဒယသစ္စာနိဒါနဋ္ဌဉာဏေန သမ္ဗုဒ္ဓေါ။

## သစ္စာအနက် ဆယ့်ခြောက်ချက်အားဖြင့် သစ္စာအနက် ဆယ့်ခြောက်ပါး ပါဝင်သည့် (၇) သောဠသ (သစ္စာ) စေတီတော် တည်နည်း

၁။ သော ဘဂဝါ ဒုက္ခသစ္စ ပီဠနဠ ဉာဏေန
သမန္နာဂတော။
(သော ဘဂဝါ ဒုတ်ခသစ်စ ပီဠနတ်ထ
ဉာဏေန သမန်နာဂတော)

၂။ သော ဘဂဝါ ဒုက္ခသစ္စ သင်္ခတဠ ဉာဏေန
သမန္နာဂတော။
(သော ဘဂဝါ ဒုတ်ခသစ်စ သင်ခတတ်ထ
ဉာဏေန သမန်နာဂတော)

၃။ သော ဘဂဝါ ဒုက္ခသစ္စ သန္တာပဠ ဉာဏေန
သမန္နာဂတော။
(သော ဘဂဝါ ဒုတ်ခသစ်စ သန်တာပတ်ထ
ဉာဏေန သမန်နာဂတော)

၄။ သော ဘဂဝါ ဒုက္ခသစ္စ ဝိပရိဏာမဠ
ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ ဒုတ်ခသစ်စ ဝိပရိဏာမတ်ထ
ဉာဏေန သမန်နာဂတော)

၅။ သော ဘဂဝါ သမုဒယသစ္စ အာယူဟနဠ
ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ သမုဒယသစ်စ အာယူဟ
နတ်ထ ဉာဏေန သမန်နာဂတော)

၆။ သော ဘဂဝါ သမုဒယသစ္စ နိဒါနဠ ဉာဏေန
သမန္နာဂတော။
(သော ဘဂဝါ သမုဒယသစ်စ နိဒါနတ်ထ
ဉာဏေန သမန်နာဂတော)

၇။ သော ဘဂဝါ သမုဒယသစ္စ သံယောဂ္ဂေ
ညဏေန သမန္နာဂတော။
(သော ဘဂဝါ သမုဒယသစ်စ သံယောဂတ်ထ
ညဏေန သမန်နာဂတော)

၈။ သော ဘဂဝါ သမုဒယသစ္စ ပလိဗောဓ္ဓေ
ညဏေန သမန္နာဂတော။
(သော ဘဂဝါ သမုဒယသစ်စ ပလိဗောဓတ်
ထ ညဏေန သမန်နာဂတော)

၉။ သော ဘဂဝါ နိရောဓသစ္စ နိဿရဏ္ဌေ
ညဏေန သမန္နာဂတော။
(သော ဘဂဝါ နိရောဓသစ်စ နိတ်သရဏတ်ထ
ညဏေန သမန်နာဂတော)

၁၀။ သော ဘဂဝါ နိရောဓသစ္စ ဝိဝေကဋ္ဌေ
ညဏေန သမန္နာဂတော။
(သော ဘဂဝါ နိရောဓသစ်စ ဝိဝေကတ်ထ
ညဏေန သမန်နာဂတော)

၁၁။ သော ဘဂဝါ နိရောဓသစ္စ အသင်္ခတဋ္ဌေ
ညဏေန သမန္နာဂတော။
(သော ဘဂဝါ နိရောဓသစ်စ အသင်ခတတ်ထ
ညဏေန သမန်နာဂတော)

၁၂။ သော ဘဂဝါ နိရောဓသစ္စ အမတဋ္ဌေ
ညဏေန သမန္နာဂတော။
(သော ဘဂဝါ နိရောဓသစ်စ အမတတ်ထ
ညဏေန သမန်နာဂတော)

၁၃။ သော ဘဂဝါ မဂ္ဂသစ္စ နိယျာနဋ္ဌေ ညဏေန
သမန္နာဂတော။
(သော ဘဂဝါ မဂ်ဂသစ်စ နိန်ယာနတ်ထ
ညဏေန သမန်နာဂတော)

၁၄။ သော ဘဂဝါ မဂ္ဂသစ္စ ဟေတုဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ မဂ်ဂသစ်စ ဟေတုတ်ထ ဉာဏေန သမန်နာဂတော)

၁၅။ သော ဘဂဝါ မဂ္ဂသစ္စ ဒဿနဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ မဂ်ဂသစ်စ ဒတ်သနတ်ထ ဉာဏေန သမန်နာဂတော)

၁၆။ သော ဘဂဝါ မဂ္ဂသစ္စ အဓိပတေယျဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ မဂ်ဂသစ်စ အဓိပတေယတ်ထ ဉာဏေန သမန်နာဂတော)

✻ ✻ ✻ ✻ ✻ ✻ ✻ ✻ ✻

## (၇) သောဠသ သစ္စာ စေတီတွင် ပါဝင်သော သစ္စာအနက် (၁၆)ချက် ဉာဏ်တော်များ

၁။ ထိုမြတ်စွာဘုရားရှင်သည် လောကသုံးရွာ၊ သတ္တဝါတို့၏၊ ခန္ဓာရုပ်နာမ်ဝယ်၊ အဖန်ဖန် ကပ်ငြိလျက်၊ ဖိစီးနှိပ်စက်တတ်သော၊ ဒုက္ခသစ္စာ၏ **ပီဠနအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၂။ ထိုမြတ်စွာဘုရားရှင်သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့သည်၊ ပြုပြင်စီရင်အပ်သော၊ ဒုက္ခသစ္စာ၏ **သင်္ခတအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၃။ ထိုမြတ်စွာဘုရားရှင်သည် မရောင့်ရဲစွာ၊ သတ္တဝါတို့ကို၊ လောင်ဆာပူပန် စေတတ်သော၊ ဒုက္ခသစ္စာ၏**သန္တာပအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၄။ ထိုမြတ်စွာဘုရားရှင်သည် ဇရာ မရဏ၊ သောကပရိဒေဝတို့ဖြင့်၊ ဖောက်ပြန်ပျက်စီးတတ်သော၊ ဒုက္ခသစ္စာ၏ **ဝိပရိဏာမအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၅။ ထိုမြတ်စွာဘုရားရှင်သည် အစမထင်၊ သံသရာ၌၊ လူးလာစုန်ဆန်၊ အဖန်ဖန်သွားလာ စေခြင်းငှာ၊ အားထုတ်တတ်သော သမုဒယသစ္စာ၏ **အာယူဟနအနက်**ကိုသိသောဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၆။ ထိုမြတ်စွာဘုရားရှင်သည် ဝဋ်ဆင်းရဲအပေါင်း၏၊ အကြောင်းမူလဖြစ်သော သမုဒယသစ္စာ၏ **နိဒါနအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၇။ ထိုမြတ်စွာဘုရားရှင်သည် ဝဋ်ဆင်းရဲ၌၊ အမြဲပျော်ရွှင်၊တမင်မင်ဖြင့်၊ ကျင်လည်စေတတ်သော၊ သမုဒယသစ္စာ၏ **သံယောဂအနက်**ကို သိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၈။ ထိုမြတ်စွာဘုရားရှင်သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်သော၊ မဂ္ဂသစ္စာကို၊ ဆီးကာတားမြစ် တတ်သော၊သမုဒယသစ္စာ၏ **ပလိဗောဓအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၉။ ထိုမြတ်စွာဘုရားရှင်သည် သံသရာဝဋ်မှ၊ ထွက်လွတ် ကူးမြောက်ပြီးသော၊ နိရောဓသစ္စာ၏

**နိဿရဏ အနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၀။ ထိုမြတ်စွာဘုရားရှင်သည် သင်္ခါရတို့မှ ဆိတ်သော၊ နိရောဓသစ္စာ၏ **ဝိဝေကအနက်**ကို သိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၁။ ထိုမြတ်စွာဘုရားရှင်သည် ပြုပြင်ခြင်းကင်းသော နိရောဓသစ္စာ၏ **အသင်္ခတအနက်**ကို သိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၂။ ထိုမြတ်စွာဘုရားရှင်သည် သေခြင်းစသော ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်းချမ်းသာသော နိရောဓသစ္စာ၏ **အမတအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၃။ ထိုမြတ်စွာဘုရားရှင်သည် **ဝဋ္ဋဒုက္ခအပေါင်းတို့မှ ကောင်းစွာ ထွက်မြောက်တတ်သော**၊ မဂ္ဂသစ္စာ၏ **နိယျာနအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၄။ ထိုမြတ်စွာဘုရားရှင်သည် နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာ၏ **ဟေတုအနက်**ကို သိသောဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၅။ ထိုမြတ်စွာဘုရားရှင်သည် နိဗ္ဗာန်ကို မြင်တတ်သော မဂ္ဂသစ္စာ၏ **ဒဿနအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၆။ ထိုမြတ်စွာဘုရားရှင်သည် သင်္ခါရတရားမျိုးတို့ကို အစိုးရသော၊ မဂ္ဂသစ္စာ၏ **အဓိပတေယျအနက်** ကိုသိသောဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

* * * * * * * * *

ဝိဇ္ဇာ ဓရထာနမ်ပါး ပဋိသမ္ဘိဒါဉာဏ် လေးပါး အသာလဉာဏ် ဆယ်ပါးအားဖြင့်

ဂုဏ်တော်(၁၆)ပါး ပါဝင်သည့်

## (ဂ)သောင်သ(ဂုဏ)စေတီတော် တည်နည်း




၅။ သောဘဂဝါ နိရုတ္တိပဋိသမ္ဘိဒါဉာဏေန သမန္နာဂတော

၄။ သောဘဂဝါ ဓမ္မပဋိသမ္ဘိဒါဉာဏေန သမန္နာဂတော

၃။ သောဘဂဝါ အတ္ထပဋိသမ္ဘိဒါဉာဏေန သမန္နာဂတော

၂။ သောဘဂဝါ ပုဗ္ဗေသစရဏေန သမန္နာဂတော

၁။ သောဘဂဝါ အရှိဋ္ဌာန် သမန္နာဂတော

၁၀။ သောဘဂဝါ အနေကဓာတုနာနာဓာတုဉာဏေန သမန္နာဂတော

၉။ သောဘဂဝါ သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏေန သမန္နာဂတော

၈။ သောဘဂဝါ ကမ္မဝိပါကဉာဏေန သမန္နာဂတော

၇။ သောဘဂဝါ ဌာနာဌာနကောသလ္လဉာဏေန သမန္နာဂတော

၆။ သောဘဂဝါ ပဋိဘာနပဋိသမ္ဘိဒါဉာဏေန သမန္နာဂတော

## ဝိဇ္ဇာ စရဏာနှစ်ပါး၊ ပဋိသမ္ဘိဒါဉာဏ် လေးပါး၊ ဒသဗလဉာဏ် ဆယ်ပါးအားဖြင့် ဂုဏ်တော် (၁၆)ပါး ပါဝင်သည့် (၈) သောဠသ (ဂုဏ) စေတီတော် တည်နည်း

၁။ သော ဘဂဝါ အဋ္ဌဝိဇ္ဇာဟိ သမန္နာဂတော။
(သော ဘဂဝါ အတ်ဌဝိတ်ဇာဟိ သမန်နာဂတော)

၂။ သော ဘဂဝါ ပန္နရသ စရဏေန သမန္နာဂတော။
(သော ဘဂဝါ ပန်နရသ စရဏေန သမန်နာဂတော)

၃။ သော ဘဂဝါ အတ္ထ ပဋိသမ္ဘိဒါ ဉာဏေန သမန္နာဂတော။
( သော ဘဂဝါ အတ်ထ ပဋိသမ်ဘိဒါ ဉာဏေန သမန်နာဂတော)

၄။ သော ဘဂဝါ ဓမ္မ ပဋိသမ္ဘိဒါ ဉာဏေန သမန္နာဂတော။
( သော ဘဂဝါ ဓမ်မ ပဋိသမ်ဘိဒါ ဉာဏေန သမန်နာဂတော)

၅။ သော ဘဂဝါ နိရုတ္တိ ပဋိသမ္ဘိဒါ ဉာဏေန သမန္နာဂတော။
( သော ဘဂဝါ နိရုတ်တိ ပဋိသမ်ဘိဒါ ဉာဏေန သမန်နာဂတော)

၆။ သော ဘဂဝါ ပဋိဘာန ပဋိသမ္ဘိဒါ ဉာဏေန သမန္နာဂတော။
( သော ဘဂဝါ ပဋိဘာန ပဋိသမ်ဘိဒါ ဉာဏေန သမန်နာဂတော)

၇။ သော ဘဂဝါ ဌာနာဌာန ကောသလ္လ ဉာဏေန သမန္နာဂတော။

( သော ဘဂဝါ ဋ္ဌာနာဋ္ဌာန ကောသန်လ
ညာဏေန သမန်နာဂတော)
၈။ သော ဘဂဝါ ကမ္မဝိပါက ညာဏေန
သမန္နာဂတော။
( သော ဘဂဝါ ကမ်မ ဝိပါက ညာဏေန
သမန်နာဂတော)
၉။ သော ဘဂဝါ သဗ္ဗတ္ထဂါမိနီ ပဋိပဒါ ညာဏေန
သမန္နာဂတော။
( သော ဘဂဝါ သတ်ဗတ်ထဂါမိနီ ပဋိပဒါ
ညာဏေန သမန်နာဂတော)
၁၀။ သော ဘဂဝါ အနေကဓာတု နာနာဓာတု
ညာဏေန သမန္နာဂတော။
( သော ဘဂဝါ အနေကဓာတု နာနာဓာတု
ညာဏေန သမန်နာဂတော)
၁၁။ သော ဘဂဝါ နာနာဓိမုတ္တိက ညာဏေန
သမန္နာဂတော။
( သော ဘဂဝါ နာနာဓိမုတ်တိက ညာဏေန
သမန်နာဂတော)
၁၂။ သော ဘဂဝါ ဣန္ဒြိယ ပရောပရိယတ္တ ညာဏေန
သမန္နာဂတော။
( သော ဘဂဝါ အိန်ဒရိယ ပရောပရိယတ်တ
ညာဏေန သမန်နာဂတော)
၁၃။ သော ဘဂဝါ စျာနာဒိ သံကိလေသ ညာဏေန
သမန္နာဂတော။
( သော ဘဂဝါ စျာနာဒိ သံကိလေသ ညာဏေန
သမန်နာဂတော)
၁၄။ သော ဘဂဝါ ပုဗ္ဗေနိဝါသ ညာဏေန
သမန္နာဂတော။

(သော ဘဂဝါ ပုတ်ပေနိဝါသ ဉာဏေန
သမန်နာဂတော)

၁၅။ သော ဘဂဝါ ဒိဗ္ဗစက္ခု ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ ဒိတ်ပစက်ခု ဉာဏေန
သမန်နာဂတော)

၁၆။ သော ဘဂဝါ အာသဝက္ခယ ဉာဏေန
သမန္နာဂတော။
(သော ဘဂဝါ အာသဝက်ခယ ဉာဏေန
သမန်နာဂတော)

❊ ❊ ❊ ❊ ❊ ❊ ❊ ❊ ❊

## (ဂ) သောဠသ ဂုဏ စေတီတွင် ပါဝင်သော ဂုဏ်တော် ဉာဏ်တော်များ(၁၆)ပါး

၁။ ထိုမြတ်စွာဘုရားရှင်သည် ဝိဇ္ဇာဉာဏ် (၈)ပါး
နှင့် ပြည့်စုံတော်မူပါပေ၏။

၂။ ထိုမြတ်စွာဘုရားရှင်သည် စရဏ (၁၅)ပါးနှင့်
ပြည့်စုံတော်မူပါပေ၏။

၃။ ထိုမြတ်စွာဘုရားရှင်သည် အတ္ထ,ပဋိသမ္ဘိဒါ
ဉာဏ် နှင့် ပြည့်စုံတော်မူပါပေ၏။

၄။ ထိုမြတ်စွာဘုရားရှင်သည် ဓမ္မ,ပဋိသမ္ဘိဒါဉာဏ်
နှင့် ပြည့်စုံတော်မူပါပေ၏။

၅။ ထိုမြတ်စွာဘုရားရှင်သည် နိရုတ္တိ,ပဋိသမ္ဘိဒါ
ဉာဏ် နှင့် ပြည့်စုံတော်မူပါပေ၏။

၆။ ထိုမြတ်စွာဘုရားရှင်သည် ပဋိဘာန,
ပဋိသမ္ဘိဒါ ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၇။ ထိုမြတ်စွာဘုရားရှင်သည် ဌာနာဌာန
ကောသလ္လ ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၈။ ထိုမြတ်စွာဘုရားရှင်သည် ကမ္မဝိပါကဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၉။ ထိုမြတ်စွာဘုရားရှင်သည် သဗ္ဗတ္ထဂါမိနိပဋိပဒါ ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၀။ ထိုမြတ်စွာဘုရားရှင်သည် အနေကဓာတုနာနာ ဓာတုဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၁။ ထိုမြတ်စွာဘုရားရှင်သည် နာနာဓိမုတ္တိကဉာဏ် နှင့် ပြည့်စုံတော်မူပါပေ၏။

၁၂။ ထိုမြတ်စွာဘုရားရှင်သည် ဣန္ဒြိယ ပရောပရိယတ္တ ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၃။ ထိုမြတ်စွာဘုရားရှင်သည် ဈာနာဒိ သံကိလေသ ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၄။ ထိုမြတ်စွာဘုရားရှင်သည် ပုဗ္ဗေနိဝါသ ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၅။ ထိုမြတ်စွာဘုရားရှင်သည် ဒိဗ္ဗစက္ခုဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၆။ ထိုမြတ်စွာဘုရားရှင်သည် အာသဝက္ခယဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋

ဉာဏစရိယာ(၁၆)ပါးအားဖြင့် ဉာဏစရိယာ(၁၆)ပါး ပါဝင်သည့်

# (၉) သောဠသ(ဉာဏစရိယာ)စေတီတော်

## တည်နည်း




၁။ သောဘဂဝါ အနိစ္စာနုပဿနာယ သမန္နာဂတော
၂။ သောဘဂဝါ ဒုက္ခာနုပဿနာယ သမန္နာဂတော
၃။ သောဘဂဝါ အနတ္တာနုပဿနာယ သမန္နာဂတော
၄။ သောဘဂဝါ နိဗ္ဗိဒါနုပဿနာယ သမန္နာဂတော
၅။ သောဘဂဝါ ဝိရာဂါနုပဿနာယ သမန္နာဂတော
၆။ သောဘဂဝါ နိရောဓာနုပဿနာယ သမန္နာဂတော
၇။ သောဘဂဝါ ပဋိနိဿဂ္ဂါနုပဿနာယ သမန္နာဂတော
၈။ သောဘဂဝါ ဝိဝဋ္ဋာနုပဿနာယ သမန္နာဂတော
၉။ သောဘဂဝါ သောတာပတ္တိမဂ္ဂေန သမန္နာဂတော
၁၀။ သောဘဂဝါ သောတာပတ္တိဖလသမာပတ္တိယာ သမန္နာဂတော

# ဉာဏစရိယာ (၁၆)ပါး အားဖြင့် ဉာ ဏစရိယာ (၁၆)ပါး ပါဝင်သည့် (၉) သောဠသ (ဉာဏစရိယာ) စေတီတော် တည်နည်း

၁။ သော ဘဂဝါ အနိစ္စာနုပဿနာယ သမန္နာဂတော။
(သော ဘဂဝါ အနိတ်စာ နုပတ်သနာယ သမန်နာဂတော)

၂။ သော ဘဂဝါ ဒုက္ခာနုပဿနာယ သမန္နာဂတော။
(သော ဘဂဝါ ဒုတ်ခါနုပတ်သနာယ သမန်နာဂတော)

၃။ သော ဘဂဝါ အနတ္တာနုပဿနာယ သမန္နာဂတော။
(သော ဘဂဝါ အနတ်တာနုပတ်သနာယ သမန်နာဂတော)

၄။ သော ဘဂဝါ နိဗ္ဗိဒါနုပဿနာယ သမန္နာဂတော။
(သော ဘဂဝါ နိတ်ဗိဒါနုပတ်သနာယ သမန်နာဂတော)

၅။ သော ဘဂဝါ ဝိရာဂါနုပဿနာယ သမန္နာဂတော။
(သော ဘဂဝါ ဝိရာဂါနုပတ်သနာယ သမန်နာဂတော)

၆။ သော ဘဂဝါ နိရောဓာနုပဿနာယ သမန္နာဂတော။
(သော ဘဂဝါ နိရောဓာနုပတ်သနာယ သမန်နာဂတော)

၇။ သော ဘဂဝါ ပဋိနိဿဂ္ဂါနုပဿနာယ သမန္နာဂတော။

(သော ဘဂဝါ ပဋိနိတ်သက်ဂါ နုပတ်
သနာယ သမန်နာဂတော)

၈။ သော ဘဂဝါ ဝိဝဋ္ဋနာနုပဿနာယ သမန္နာဂတော။
(သော ဘဂဝါ ဝိဝတ်ဋ္ဋနာနုပတ်သနာယ
သမန်နာဂတော)

၉။ သော ဘဂဝါ သောတာပတ္တိမဂ္ဂေန
သမန္နာဂတော။
(သော ဘဂဝါ သောတာပတ်တိမက်ဂေန
သမန်နာဂတော)

၁၀။ သော ဘဂဝါ သောတာပတ္တိ ဖလသမာ
ပတ္တိယာ သမန္နာဂတော။
(သော ဘဂဝါ သောတာပတ်တိ ဖလ
သမာပတ်တိယာသမန်နာဂတော)

၁၁။ သော ဘဂဝါ သကဒါဂါမိ မဂ္ဂေန
သမန္နာဂတော။
(သော ဘဂဝါ သကဒါဂါမိမက်ဂေန
သမန်နာဂတော)

၁၂။ သော ဘဂဝါ သကဒါဂါမိ ဖလသမာ
ပတ္တိယာ သမန္နာဂတော။
(သော ဘဂဝါ သကဒါဂါမိ ဖလသမာ
ပတ်တိယာ သမန်နာဂတော)

၁၃။ သော ဘဂဝါ အနာဂါပိ မဂ္ဂေန သမန္နာ ဂတော။
(သော ဘဂဝါ အနာဂါမိ မက်ဂေန
သမန်နာဂတော)

၁၄။ သော ဘဂဝါ အနာဂါမိ ဖလသမာ ပတ္တိယာ
သမန္နာဂတော။
(သော ဘဂဝါ အနာဂါမိ ဖလသမာပတ်
တိယာ သမန်နာဂတော)

၁၅။ သော ဘဂဝါ အရဟတ္တ မဂ္ဂေန သမန္နာဂတော။
(သော ဘဂဝါ အရဟတ်တ မက်ဂေန
သမန်နာဂတော)

၁၆။ သော ဘဂဝါ အရဟတ္တ ဖလသမာပတ္တိယာ
သမန္နာဂတော။
(သော ဘဂဝါ အရဟတ်တ ဖလသမာပတ်
တိယာ သမန်နာဂတော)

*(ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ ၉၆၊
ဝိသုဒ္ဓိမဂ်၊ ၂၊ ၃၄၆။ ဥဒါန္ဋ၊ ၇၆)*

✳ ✳ ✳ ✳ ✳ ✳ ✳ ✳ ✳

## (၉) သောဠသ ဉာဏစရိယာ စေတီတွင် ပါဝင်သော ဉာဏစရိယာ (၁၆)ပါး

၁။ ထိုမြတ်စွာဘုရားသည် အနိစ္စာနုပဿနာနှင့်
ပြည့်စုံတော်မူပါပေ၏။

၂။ ထိုမြတ်စွာဘုရားသည် ဒုက္ခာနုပဿနာနှင့်
ပြည့်စုံတော်မူပါပေ၏။

၃။ ထိုမြတ်စွာဘုရားသည် အနတ္တာနုပဿနာနှင့်
ပြည့်စုံတော်မူပါပေ၏။

၄။ ထိုမြတ်စွာဘုရားသည် နိဗ္ဗိဒါနုပဿနာနှင့်
ပြည့်စုံတော်မူပါပေ၏။

၅။ ထိုမြတ်စွာဘုရားသည် ဝိရာဂါနုပဿနာနှင့်
ပြည့်စုံတော်မူပါပေ၏။

၆။ ထိုမြတ်စွာဘုရားသည် နိရောဓာနုပဿနာ
နှင့် ပြည့်စုံတော်မူပါပေ၏။

၇။ ထိုမြတ်စွာဘုရားသည် ပဋိနိဿဂ္ဂါနုပဿနာနှင့် ပြည့်စုံတော်မူပါပေ၏။

၈။ ထိုမြတ်စွာဘုရားသည် ဝိဝဋ္ဋနာနုပဿနာနှင့် ပြည့်စုံတော်မူပါပေ၏။

၉။ ထိုမြတ်စွာဘုရားသည် သောတာပတ္တိမဂ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၀။ ထိုမြတ်စွာဘုရားသည် သောတာပတ္တိ ဖလသမာပတ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၁။ ထိုမြတ်စွာဘုရားသည် သကဒါဂါမိမဂ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၂။ ထိုမြတ်စွာဘုရားသည် သကဒါဂါမိဖလသမာပတ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၃။ ထိုမြတ်စွာဘုရားသည် အနာဂါမိမဂ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၄။ ထိုမြတ်စွာဘုရားသည် အနာဂါမိ ဖလသမာပတ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၅။ ထိုမြတ်စွာဘုရားသည် အရဟတ္တမဂ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၆။ ထိုမြတ်စွာဘုရားသည် အရဟတ္တဖလသမာပတ်နှင့် ပြည့်စုံတော်မူပါပေ၏။

* * * * * * * * *

# လောကမှာထာဝရလက်တွဲဖော်ဟာဘယ်သူပါလဲ?

ဤအမေးရဲ့ အဖြေမှာ အမျိုးမျိုးထွက်ပေါ်လာနိုင်ပါ၏။ ချစ်သူရည်စား ရှိကြသူများက "မိမိရဲ့ ဘဝလက်တွဲဖော်" သည် ထာဝရလက်တွဲဖော်ဟု ဖြေကြပေလိမ့်မည်။ ဇနီးမောင်နှံတို့ကမူ "ပါရမီဖြည့်ဖက် ခင်ပွန်းလင် * ဇနီးမယားတို့ဟာ ထာဝရ လက်တွဲဖော်ပါ" ဟု ဆိုကြမှာပါ။ လိမ္မာ ရေး ခြား ရှိသော သားရှင် သမီးရှင် ဖြစ်သည့် မိခင် ဖခင် တို့ကား " မိမိတို့ကို ပြုစုစောင့်ရှောက်နေကြသည့် သားလိမ္မာ၊ သမီးလိမ္မာလေးတွေဟာ ထာဝရလက်တွဲဖော်တွေပါ" ဟူ၍ ပြောကြပေလိမ့်မည်။ ထို့အတူ သားသမီးတို့ကလည်း " မိဘနှစ်ပါးဟာ အားကိုးအားထားပြုစရာ ထာဝရလက်တွဲဖော်ပါ " ဟူ၍ ဆိုကြပေလိမ့်မည်။ဆွေမျိုးသားချင်း မိတ်ဆွေအပေါင်းအသင်းတို့ကမူ " အလိုက်တသိ အပြန် အလှန် ကူညီစောင့်ရှောက်သည့် ပုဂ္ဂိုလ်တို့မှာ ထာဝရလက်တွဲဖော်တွေပါ" ဟူ၍ တင်ပြကြလိမ့်မည်။ ငွေရှင် ကြေးရှင်တို့ကား " အရာရာကို ဖြေရှင်းပေးနိုင်တဲ့ စီးပွားဥစ္စာငွေကြေးသာ ထာဝရလက်တွဲဖော်ပါ" ဟူ၍ ယူဆနေကြပေမည်။ ရာထူးဌာနန္တရ လက်ကိုင်ရှိနေကြသူများ ကလည်း " ကိစ္စကြီးငယ်ကို အရှိန်အဝါနဲ့ ဆောင်ရွက်ပေးနိုင်တဲ့ ရာထူး အာဏာသည်သာ ထာဝရလက်တွဲဖော်ပါ " ဟူ၍ မှတ်ထင်နေကြပေမည်။ ဤသို့စသည်ဖြင့် မိမိတို့ခံစားချက်အလိုက် အဖြေအမျိုးမျိုး ပေါ်ထွက်လာနိုင်ပါသည်။

**ထိုဆိုခဲ့ပြီးသော ချစ်သူရည်စား၊ဇနီးခင်ပွန်း၊မိဘသားသမီး၊ ဆွေမျိုးသားချင်း မိတ်ဆွေ အပေါင်းအသင်း၊ စီးပွား ဥစ္စာ၊ ရာထူး အာဏာတို့သည် တကယ်တော့ ထာဝရ လက်တွဲဖော် ဟုတ်ပါရဲ့လား ? အမေးရဲ့ အဖြေကိုဤ စာအုပ်တွင် ရှာဖွေဖတ်ရှုနိုင်ပါသည်၊**